ကြေးမုံ
The Mirror

၁၃၆၈ ခုနှစ်၊ နယုန်လပြည့်ကျော် ၇ ရက်၊ စနေနေ့၊ (17-6-2006) (၄၉၉၁)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ရင်းရင်းနှီးနှီး နှုတ်ဆက်

ပြည်ထောင်စု မြန်မာနိုင်ငံတော်–နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Oleg V. Kabanov အား နေပြည်တော်ရှိ ပေါင်းလောင်းရိပ်သာ၌ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

နေပြည်တော် ဇွန် ၁၆

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းသည် တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Oleg V. Kabanov အား ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ပေါင်းလောင်းရိပ်သာ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ ဒုတိယဝန်ကြီး ဦးမောင်မြင့်၊ ဝန်ကြီးချုပ်ရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးသန့်ရှင်းနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်တို့ တက်ရောက်ကြသည်။ (သတင်းစဉ်)

တာဝန်မှ အနားယူခွင့်ပြု

ပြည်ထောင်စုမြန်မာနိုင်ငံတော်
နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ

(အမိန့်အမှတ် ၁၁/၂၀၀၆)

၁၃၆၈ ခုနှစ်၊ နယုန်လပြည့်ကျော် ၆ ရက်
(၂၀၀၆ ခုနှစ်၊ ဇွန်လ ၁၆ ရက်)

တာဝန်မှ အနားယူခွင့်ပြုခြင်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ခင်မောင်ဝင်းအား ယနေ့မှစ၍ တာဝန်မှ အနားယူခွင့် ပြုလိုက်သည်။

အမိန့်အရ

(ပုံ) သိန်းစိန်
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး(၁)
နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ

တာဝန်မှ အနားယူခွင့်ပြု

ပြည်ထောင်စုမြန်မာနိုင်ငံတော်
နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ

(အမိန့်အမှတ် ၁၂/၂၀၀၆)

၁၃၆၈ ခုနှစ်၊ နယုန်လပြည့်ကျော် ၆ ရက်
(၂၀၀၆ ခုနှစ်၊ ဇွန်လ ၁၆ ရက်)

တာဝန်မှ အနားယူခွင့်ပြုခြင်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ဖော်ပြပါ ဒုတိယဝန်ကြီးများအား ယနေ့မှစ၍ တာဝန်မှ အနားယူခွင့် ပြုလိုက်သည်–

(၁)	ဦးသိန်းစိန်	ပြန်ကြားရေးဝန်ကြီးဌာန
(၂)	ဗိုလ်မှူးချုပ်အောင်သိန်း	ပြန်ကြားရေးဝန်ကြီးဌာန
(၃)	ဦးမြင့်သိန်း	သတ္တုတွင်းဝန်ကြီးဌာန
(၄)	ဗိုလ်မှူးချုပ်စိုးဝင်းမောင်	ယဉ်ကျေးမှုဝန်ကြီးဌာန
(၅)	ဗိုလ်မှူးချုပ်သန်းထွန်း	နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန
(၆)	ဗိုလ်မှူးချုပ်သိန်းထွန်း	အမှတ်(၁)စက်မှုဝန်ကြီးဌာန
(၇)	ဦးဖေသန်း	ပို့ဆောင်ရေးဝန်ကြီးဌာန

အမိန့်အရ

(ပုံ) သိန်းစိန်
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး(၁)
နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ

တာဝန်မှ အနားယူခွင့်ပြု

ပြည်ထောင်စုမြန်မာနိုင်ငံတော်
နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ

(အမိန့်အမှတ် ၁၃/၂၀၀၆)

၁၃၆၈ ခုနှစ်၊ နယုန်လပြည့်ကျော် ၆ ရက်
(၂၀၀၆ ခုနှစ်၊ ဇွန်လ ၁၆ ရက်)

တာဝန်မှ အနားယူခွင့်ပြုခြင်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် တရားရုံးချုပ် တရားသူကြီး ဦးခင်မောင်အေးအား ယနေ့မှစ၍ တာဝန်မှ အနားယူခွင့် ပြုလိုက်သည်။

အမိန့်အရ

(ပုံ) သိန်းစိန်
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး(၁)
နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ

နေပြည်တော်

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ရန်ကုန်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေသာချိန်ရှိပြီး မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror
၁၇-၆-၂၀၀၆
(စနေနေ့)

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မူးယစ်ဆေးဝါးအန္တရာယ် အရှိန်အဟုန်မြင့် ဝိုင်းဝန်းကာကွယ်

မြန်မာနိုင်ငံတွင် မူးယစ်ဆေးဝါးအန္တရာယ် ပပျောက်စေရေးအတွက် မူးယစ်ဆေးဝါး စိုက်ပျိုးထုတ်လုပ်မှုနှင့် သုံးစွဲမှု ပပျောက်ရေး၊ တားဆီးနှိမ်နင်းရေးလုပ်ငန်းများကို ဒေသခံပြည်သူများ၏ အင်တိုက်အားတိုက် ပူးပေါင်းပါဝင်မှုဖြင့် ကြိုးပမ်းလုပ်ကိုင်လျက်ရှိရာ အောင်မြင်မှုများ ရရှိနေသည်။

နိုင်ငံအတွင်း မူးယစ်ဆေးဝါး လုံးဝကင်းစင်ရေးအတွက် မူးယစ်ဆေးဝါးပပျောက်ရေး (၁၅)နှစ်စီမံကိန်းကို ၁၉၉၉ခုနှစ်မှ ၂၀၁၄ ခုနှစ်အထိသတ်မှတ်၍ ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်လျက်ရှိသည်။ အဆိုပါစီမံကိန်းကို ငါးနှစ် စီမံကိန်း သုံးခုဖြင့် ကာလပိုင်းခြား ဆောင်ရွက်လာခဲ့ရာ ယခုအခါ ဒုတိယငါးနှစ်စီမံကိန်း၏ တတိယနှစ်ကာလသို့ ရောက်ရှိလာပြီဖြစ်သည်။

အဆိုပါစီမံကိန်း၏ အစီအစဉ်များအောင်မြင်စေရန် ဒေသအလိုက်တာဝန်ရှိသူများ၊ တိုင်းရင်းသားခေါင်းဆောင်များနှင့် ဒေသခံတောင်သူများက စိတ်ရောကိုယ်ပါ ပူးပေါင်းပါဝင် လုပ်ကိုင်လျက်ရှိနေကြသည်။ နိုင်ငံတော်က တောင်သူများအား ဘိန်းအစားထိုးသီးနှံများ စိုက်ပျိုးရန် အားပေးကူညီသည်။ တိရစ္ဆာန်မွေးမြူရေးနှင့် စီးပွားရေးလုပ်ငန်းများလုပ်ကိုင်ရန် လိုအပ်ချက်များကို ဖြည့်ဆည်းပေးနေသည်။

အကျိုးရလဒ်အဖြစ် တောင်သူများကိုယ်တိုင် ဘိန်းစိုက်ပျိုးမှုကို လိုလိုလားလား စွန့်လွှတ်လာကြပြီး ရော်ဘာ၊ ပျားလိမ္မော်၊ ကြံ၊ နေကြာ၊ အစေ့ထုတ်ပြောင်း၊ လိုင်ချီးနှင့် ရာသီသီးနှံများ စိုက်ပျိုးလျက်ရှိသည်။ ဘိန်းမျိုးစေ့နှင့် ဘိန်းသီးခြောက်များကို ဒေသအာဏာပိုင်များထံ လာရောက်အပ်နှံခဲ့ကြရာ အဆိုပါဘိန်းမျိုးစေ့နှင့် ဘိန်းသီးခြောက်များကို ၁၃ ကြိမ်တိုင် မီးရှို့ဖျက်ဆီးနိုင်ခဲ့ပြီဖြစ်သည်။

ဇွန်လ၂၆ရက်နေ့သည် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ဖြစ်ရာ ဖမ်းဆီးရမိသော မူးယစ်ဆေးဝါးများအား မီးရှို့ဖျက်ဆီးခြင်း၊ မူးယစ်ဆေးဝါးတားဆီးတိုက်ဖျက်ရေး ဝတ္ထု၊ ဆောင်းပါး ဆုရသူများအား ဆုချီးမြှင့်ခြင်း၊ ဟောပြောပွဲများကျင်းပခြင်းများကို နှစ်စဉ်ကျင်းပလျက်ရှိသည်။

နိုင်ငံတော်က မူးယစ်ဆေးဝါးအန္တရာယ် တားဆီးတိုက်ဖျက်ရေးကို အလေးထားဆောင်ရွက်လျက်ရှိရာ ဌာနဆိုင်ရာများနှင့် မီဒီယာများ စနစ်တကျပူးပေါင်းပြီး မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ၏ အန္တရာယ်ဆိုးကျိုးများ ပြည်သူများအတွင်း ပိုမိုသိရှိလာရေး ကျယ်ကျယ်ပြန့်ပြန့် အသိပညာပေးကြရမည်ဖြစ်သည်။

အထူးသဖြင့် လူငယ်များအတွင်း စိတ်ကြွရူးသွပ်ဆေးပြားများအပါအဝင် မူးယစ်ဆေးဝါးများ သုံးစွဲမှုမပြုစေရေးအတွက် နည်းလမ်းအသွယ်သွယ်ဖြင့် တားဆီးကြရမည်ဖြစ်သည်။ မူးယစ်ဆေးဝါးအန္တရာယ် ချုပ်ငြိမ်းပပျောက်စေရေးအတွက် စိုက်ပျိုးထုတ်လုပ်မှုနှင့် သုံးစွဲမှုပပျောက်ရေး၊ မူးယစ်ဆေးဝါး သယ်ဆောင်ရောင်းဝယ်မှု တားဆီးနှိမ်နင်းရေးစသည့် လုပ်ငန်းများတွင် ပြည်သူအားလုံး နိုးကြားတက်ကြွစွာ ဆက်လက်ပါဝင် ဆောင်ရွက်သွားကြရမည် ဖြစ်ပါသည်။ ။

ဇွန် ၁၃ရက်က ရခိုင်သဟာယအသင်း (ရန်ကုန်)ဥက္ကဋ္ဌ ဦးအောင်ရွှေဦး ရခိုင် ပညာသင်ဆု ချီးမြှင့်ပွဲတွင် ဆုရရှိသူတစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။
(သတင်းဖော်ပြပြီး) (သတင်းစဉ်)

တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်နှင့်ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော် ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးပွဲ တက်ရောက်အားပေး

ရန်ကုန် ဇွန် ၁၆

ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုနာယက အဖွဲ့ဝင်၊ ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ မြောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်နှင့် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်သိန်းဇော်တို့သည် ဇွန် ၁၁ရက် နံနက်ပိုင်းတွင် မိုးညှင်းခရိုင် မိုးကောင်းမြို့နယ် နမ္မတီးကျေးရွာ အမှတ်(၂) အခြေခံပညာ မူလတန်းကျောင်း၌ ကျင်းပသော ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးပွဲသို့ တက်ရောက်အားပေးပြီး ကျေးရွာရှိ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ ဆက်သွယ်ရေး အိတ်ချိန်းကို ကြည့်ရှုစစ်ဆေးကြသည်။

အဆိုပြုလွှာပေးအပ်

ဆက်လက်၍ နမ္မတီးကျေးရွာ ခန်းမ၌ ကျင်းပသော အသင်းဝင် အဆိုပြုလွှာပေးအပ်ပွဲသို့ တက်ရောက်၍ အသင်းဝင်အဆိုပြုလွှာစောင်ရေ ၅၀၀၀ ကို လက်ခံသည်။

ယင်းနောက် မိုးညှင်းခရိုင်အတွင်းရှိ မူလတန်းအဆင့် ကျောင်းများအတွက် အလှူငွေများနှင့် ကျောင်းသား၊ ကျောင်းသူများအတွက် ထီးနှင့် မိုးကာများကို ပေးအပ်လှူဒါန်းကြသည်။ ဆက်လက်၍ မြတောင်ကျေးရွာ တောင်သူကြီး ဦးမြင့်အောင်၏ လယ် ၁၂ ဧက၌ ဆင်း-၃ စပါး စုပေါင်းထွန်ယက်စိုက်ပျိုးပွဲသို့ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ တိုင်းမှူးနှင့် ဗဟိုအတွင်းရေးမှူးတို့သည် မြစ်ကြီးနား-နမ္မတီး-တနိုင်း ကားလမ်းအတိုင်း ဆက်လက်ထွက်ခွာလာရာ နံနက် ၁၀ နာရီခွဲတွင် ဒွန်ဘန်ကျေးရွာသို့ ရောက်ရှိပြီး ကျေးရွာတွဲဖက် အထက်တန်းကျောင်း ခန်းမဆောင်၌ ကျင်းပသော အသင်းဝင်အဆိုပြုလွှာ စောင်ရေ ၁၀၀၀ ကို လက်ခံပြီး ကျောင်းဝင်းအတွင်း ကျင်းပသော ခြံစည်းရိုး ကြက်ဆူပင် စိုက်ပျိုးပွဲသို့ တက်ရောက် အားပေးသည်။

ဆက်လက်၍ ဒွန်ဘန်ကျေးရွာ မဟာသန္တိသုခ တပ်ဦးကျောင်းတိုက်သို့ ရောက်ရှိပြီး တပ်ဦးစေတီ တည်ထားကိုးကွယ်ရန်အတွက် အလှူငွေများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ တိုင်းမှူးနှင့် ဗဟိုအတွင်းရေးမှူးတို့သည် နမ္မတီးချောင်း တံတား(ကံလှ) ဆောက်လုပ်ရေး လုပ်ငန်းခွင်သို့ရောက်ရှိပြီး တာဝန်ခံ ဒုတိယအင်ဂျင်နီယာမှူးကြီးဦးချစ်ဆွေက တံတားတည်ဆောက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းမှူးနှင့် ဝန်ကြီးတို့က လိုအပ်သည်များ မှာကြားသည်။

မြစ်ကြီးနား-တနိုင်း ကားလမ်းမှာ ယခုအခါ နိုင်ငံတော်၏ အစီအမံဖြင့် လမ်းနှင့် တံတားများ အဆင့်မြှင့်တင် ဆောင်ရွက်ပြီး ဖြစ်သဖြင့် ရာသီမရွေး သွားလာနိုင်ကြပြီဖြစ်ကြောင်း သိရသည်။

ဖြည့်ဆည်းဆောင်ရွက်ပေး

ဇွန် ၁၂ရက်နံနက်ပိုင်းတွင် တိုင်းမှူးနှင့် ဗဟိုအတွင်းရေးမှူးတို့သည် မြစ်ကြီးနားမြို့တော်ခန်းမ၌ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေး

ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်း ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သိန်းဇော် မြစ်ကြီးနားမြို့ မြို့တော်ခန်းမ၌ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင်များ၊ လူမှုရေးအဖွဲ့အစည်းများ၊ ရပ်မိရပ်ဖများအား အမှာစကား ပြောကြားစဉ်။ (ဆက်သွယ်ရေး)

အဖွဲ့အစည်းများ၊ ရပ်မိ ရပ်ဖများနှင့် တွေ့ဆုံ၍ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးပြီး မြစ်ကြီးနားခရိုင်နှင့် ပူတာအိုခရိုင်အတွင်းရှိ မူလတန်းကျောင်းများအတွက် စာသင်ခုံများ ပြုလုပ်ရန်အတွက် လည်းကောင်း၊ မြစ်ကြီးနားမြို့ "ပြည်ခိုင်ဖြိုးဆွမ်းလောင်းအသင်း"သို့ တစ်နှစ်စာ ဆွမ်းပဒေသာပင်စိုက်ထူရန် အလှူငွေများကိုလည်းကောင်း ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် စေတနာရှင်များက စုပေါင်းပေးအပ်လှူဒါန်းပွဲသို့ တက်ရောက်ကြသည်။

(သတင်းစဉ်)

အထက(သုဝဏ္ဏ) ကျောင်းသူ၊ ကျောင်းသားဟောင်းများ အာစရိယပူဇော်ပွဲကျင်းပရေး ညှိနှိုင်းဆွေးနွေးမည်

ရန်ကုန် ဇွန် ၁၆

အထက(သုဝဏ္ဏ) ကျောင်းသူ၊ ကျောင်းသားဟောင်းများ၏ ပဉ္စမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ၂၀၀၇ခုနှစ် ဇန်နဝါရီလတွင် ကျင်းပနိုင်ရေးအတွက် အကြိုညှိနှိုင်းဆွေးနွေးပွဲကို ဇွန် ၂၅ရက်(တနင်္ဂနွေ)နေ့ နံနက် ၉နာရီတွင် အထက(သုဝဏ္ဏ)၌ ကျင်းပမည်ဖြစ်ရာ ရပ်ဝေးရပ်နီးမှ စိတ်ပါဝင်စားသူ ကျောင်းသူ၊ ကျောင်းသားဟောင်းများ တက်ရောက်ကြရန် ဖိတ်ကြား နှိုးဆော်ထားသည်။

(က-ပ)

(၈)ကြိမ်မြောက် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏
ကျန်းမာရေးဝန်ကြီးများ အစည်းအဝေး
(၂၂-၆-၂၀၀၆)

ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရေတာရှည်လမ်းဟောင်းရှိ ဩဝတီသာသနာပြုကျောင်းတွင် ဖွင့်လှစ်ထားသော ရခိုင်ပြည်နယ် ၄မြို့နယ် လေဘေးကူညီရေးကော်မတီသို့ ဘုရင့်နောင်ဈေးမိသားစုများကိုယ်စား ဈေးသာယာရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးလှအေး၊ အတွင်းရေးမှူး ဦးခင်မောင်လွင်၊ စာရင်းစစ် ဦးစံသိန်းတို့က အလှူငွေ ကျပ်ခြောက်သိန်းနှင့် အဝတ်အထည်များကို ဇွန် ၁၁ရက်က လှူဒါန်းရာ ကော်မတီနာယက ဦးဘရွှေ၊ ဥက္ကဋ္ဌ ဦးကျော်ရင်နှင့် ကော်မတီဝင်များ လက်ခံယူစဉ်။ (က-ပ)

KNU သည် ကရင်မဟုတ်ဟု ဆိုအပ်သည်

မောင်ဖိုးသံ

ကျွန်တော်သိရှိနားလည်သမျှ ပြောရရင်တော့ KNU သည် ကရင်မဟုတ်ဘူးလို့ ထင်သည်။ KNU သည် ကျွန်တော်သိခဲ့၊ ကြုံခဲ့ဖူးသော ကရင်တိုင်းရင်းသားများနှင့် လုံးဝမတူ၊ သင်းကွဲဟုဆိုလျှင်ပင်ရနိုင်လောက်သည်ထင်သည်။ ယင်းတို့၏ ကိုယ်တွင်း၌ ကရင်ဟု မြတ်နိုးစွာခေါ်ဝေါ်သမုတ်အပ်သော ကရင်တိုင်းရင်းသားများ၏ ဖြူစင်ရိုးသားမှုသွေးမရှိဟု ထင်သည်။

ယင်းသို့ပြောရခြင်းမှာ ကျွန်တော်သိခဲ့ဖူးသော၊ ကျွန်တော်လေးစားခဲ့သော၊ ကျွန်တော် ချစ်ကြည်ရင်းစွဲရှိခဲ့သော ကရင်တိုင်းရင်းသားညီအစ်ကို၊ မောင်နှမများ၏ ထူးခြားစွာ ဖြူစင်ရိုးသားသော ဝိသေသလက္ခဏာများ KNU တို့တွင် ကင်းမဲ့ပျောက်ဆုံးနေခြင်းကြောင့်ဖြစ်သည်။

ကျွန်တော်တက္ကသိုလ်တက်သည့်အချိန်တွင် ဘာဘရာ ခင်သန်းကြည်ဆိုသူနှင့် ခင်မင်ခဲ့ဖူးသည်။ ဘာဘရာသည် ကရင်မလေးဖြစ်ပါသည်။ အလှသွေးကြွယ်သည့် အရွယ်ဖြစ်သောကြောင့် ဘာဘရာလှပါသည်။ အေးမြသော ဆောင်းနံနက်ခင်းတွင် လန်းဆန်းစွာဖူးပွင့်လာသော နှင်းဆီပန်းကလေးလိုလှသည်ဟု ဆိုလျှင်လည်း ဆိုနိုင်ပါသည်။ အပူအပင်ကင်းသောအရွယ်၊ တက်ကြွစွာပညာရှာမှီးသောအရွယ်တွင်ပင် ဘာဘရာ့မေတ္တာကို ကမ်းလှမ်းလိုသော ပုရိသများ အများအပြားပေါ်ပေါက်ခဲ့ပါသည်။ ကျွန်တော်တို့ သူငယ်ချင်းတစ်သိုက်မှာ ကျွန်တော်တို့ ချစ်သောညီမငယ် ဘာဘရာခင်သန်းကြည် (သို့)ခင်နှင်းဆီ၏ ချွန်ထက်သောဆူးများဖြစ်ခဲ့ပါသည်။ ဘာဘရာ မချစ်ခင်မနှစ်သက်သူများ၏ ရန်မှဝေးအောင် ကျွန်တော်တို့ ညီမငယ်ကို စောင့်ရှောက်ခဲ့ရသောအချိန်များကို ယနေ့အထိ အမှတ်ထင်ထင်သတိရဆဲဖြစ်ပါသည်။ကျောင်းမှအပြန် ကမာရွတ်လှည်းတန်းမှ ၎င်းနေထိုင်ရာအလုံရှိ ကရင်ခြံသို့ ကားနှစ်တန်စီးကာ ကိုယ့်စရိတ်ကိုယ်ခံလိုက်ပို့ခဲ့ရသဖြင့် မုန့်ဖိုးချွေတာခဲ့ရသည်မှာလည်း အမှန်ပင်ဖြစ်ပါသည်။ သို့သော် ကျွန်တော်တို့တစ်သိုက်ပျော်ပါသည်။ ညီမလေးကို အကာအကွယ်ပေးနိုင်ခဲ့၍ဖြစ်သည်။

ကျွန်တော်တို့ ညီမလေးဘာဘရာနှင့်ပတ်သက်၍ ပျော်သည့်အချိန်များလည်း ရှိခဲ့ပါသည်။ ကရင်နှစ်သစ်ကူးချိန်ဖြစ်သည်။ သူ့အတွက်သုံးခဲ့ရသော ဘတ်စ်ကားခများကျေအောင် ကရင်နှစ်သစ်ကူးချိန်တွင် သူကပြန်ကျွေးပါသည်။ကျွေးသမျှ ဆီချက်၊ သံဘူးဖျော်ရည် (ထိုအချိန်က တက္ကသိုလ်တွင် နာမည်ကျော်သည့် အစားအသောက်များဖြစ်ပါသည်။) တို့ကိုသာမက သူ၏ထမင်းဘူးထဲမှလည်း ထမင်းဟင်းများနှိုက်စားခဲ့ရသည်ကို ကျွန်တော်မမေ့သေးပါ။ ဘာဘရာသည် ကျွန်တော် သိခဲ့ဖူးသော ကရင်တိုင်းရင်းသူ ညီမငယ်တစ်ဦးဖြစ်ပါသည်။ စေတနာကောင်းသူဖြစ်ပါသည်။

အမိတက္ကသိုလ်မှ ပညာစုံ၍ တပ်မတော် (ကြည်း)ဗိုလ်သင်တန်းကျောင်းသို့ တက်ရောက်ခွင့်ရရန် ဝင်ရောက်ယှဉ်ပြိုင်အရွေးခံပါသည်။ ရွေးချယ်ခြင်းခံရသဖြင့် ကိုးလကြာမျှ စစ်ပညာသင်ကြားရပါသည်။ ဗိုလ်လောင်းကျောင်းသားဘဝတွင် တိုင်းရင်းသားညီအစ်ကို ဗိုလ်လောင်းများနှင့် ပျော်ရွှင်စွာ သင်တန်းတက်ခဲ့ရပါသည်။ ဟုန်းငိုင်း၊ ကမ်ကျင်လျန်တို့သည် ချင်းတိုင်းရင်းသားများ၊ စိုင်းနော်ဆိုင်းသည် ရှမ်းတိုင်းရင်းသား၊ စောသောင်းရွှေ၊ စောစံလင်း၊ စောကျော့လာခရူးထူးနှင့် ကြည်သိန်းတို့သည် ကရင်တိုင်းရင်းသားများဖြစ်သည်။ ကျွန်တော်သည် ကရင်တိုင်းရင်းသားများနှင့် ရေးရေစက်ပါသည်ဟု ထင်သည်။ ကျွန်တော်နှင့်စောသောင်းရွှေသည် အိပ်ဆောင်၊ တပ်စိတ်၊ တပ်စု တစ်ခုတည်းတွင်ကျသည်။ ကျွန်တော့်ခုတင်ဘေးတွင် စောသောင်းရွှေခုတင်ရှိသည်။ ညစဉ် စာကြည့်ခန်းမှ အပြန်၊ တစ်နေ့တာပင်ပန်းသမျှကို ခုတင်ပေါ်တွင် လဲလျောင်းရင်း စကားစမြည်ပြောဖြစ်သည်။ ဘားအံဇာတိဖြစ်သည့် စောသောင်းရွှေသည် ကရင်တိုင်းရင်းသားများ၏ ဓလေ့ထုံးစံများ၊ ဖားစည်နှင့် ဒုံးယိမ်းအကများအကြောင်းကို အမြဲပြောပြသည်။ သူ့ပါးစပ်ဆိုင်းက ဒုံးသံကြားရုံမျှဖြင့် ကျွန်တော်အငြိမ်မနေနိုင်၊ အနည်းဆုံး ဒူးလှုပ်ကာစည်းချက် လိုက်မိသည်။ စကားပြောကောင်းသူမဟုတ်သော်လည်း ရိုးသားစွာ လိုရင်းကိုတိုတိုရှင်းရှင်းပြောသော စောသောင်းရွှေ၏ ကရင်တိုင်းရင်းသားများအကြောင်းကို ကျွန်တော် သဘောကျနှစ်ခြိုက်သည်။

အမှန်ကို အမှန်အတိုင်းပြောတတ်သော ရိုးသားသည့် စောသောင်းရွှေကြောင့် ငိုအားထက် ရယ်အားသန်ခဲ့ရသည်လည်းရှိသည်။ ဗိုလ်လောင်းများကို ၁၀ ယောက်တစ်တွဲ တပ်စိတ်တစ်စိတ်စီ စုဖွဲ့ထားပေးပါသည်။ ကျွန်တော်တို့ ဗိုလ်လောင်းတပ်စိတ်များ အကြိတ်အနယ်ယှဉ်ပြိုင်သော စွမ်းရည်ပြပွဲကို ASAULT ဟုခေါ်ပါသည်။ ချေမှုန်းရေးဟု အမည်တပ်ကြပါသည်။ အခက်အခဲပေါင်းစုံကို အချိန်တိုအတွင်း ကျော်ဖြတ်ချေမှုန်းနိုင်သော တပ်စိတ်သည် သူရဲကောင်းများစုစည်းရာဖြစ်သည်ဟု ခံယူသည်။ လူငယ်သဘာဝ စွမ်းရည်ပြချင်သမို့ အစွမ်းကုန်ကြိုးစားသည်။ ထိုစွမ်းရည်ပြိုင်ပွဲတွင် တပ်စိတ်အတွင်းရှိ ဗိုလ်လောင်းညီအစ်ကိုများကို စုစည်းအားဖြင့် သတ်မှတ်ချိန်အတွင်း တိုနိုင်သမျှ အချိန်တိုတိုဖြင့် ချေမှုန်းနိုင်အောင်ကြိုးစားသည်။ ယင်းသို့ပြိုင်ပွဲဝင်နေစဉ် ကိုယ်စီကိုင်ထားသော သေနတ်များကို ကိုယ်တိုင်သယ်ရသလို တချို့သောအခက်အခဲများကို လူအရင်ဖြတ်ပြီးမှ သေနတ်များကို လက်ဆင့်ကမ်းသယ်ရသောအခါများလည်းရှိသည်။ ထိုအချိန်တွင် စောသောင်းရွှေ စဖောက်သည်။ သူသယ်နေသော သေနတ်မှာ သူ့သေနတ်မဟုတ်ဟု မောပန်းစွာပြေးလွှားနေသည့်ကြားမှ ကန့်ကွက်စကားဆိုသည်။ ပန်းတိုင်ရောက်လျှင် လဲပေးမည်။ အခုတော့ ရရာသေနတ်ကိုသာ သယ်၍ ပြေးရန်ဝိုင်းပြောသည်။ မရပါ။ မင်းတို့ညာသလိုဖြစ်နေမယ်။ နိုင်လည်းမမျှဟုဆိုသည်။ မလဲပေးလျှင် ဆက်မလိုက်ဟုဆိုသည်၊ ပြောမရသဖြင့် ခဏရပ်သည်။ ၎င်း၏သေနတ်ကို နံပါတ်ရှာ၊ ပြန်လဲပေးလိုက်မှ ကိုယ်တော်ချော ဆက်လိုက်လာသည်။ ယင်းခဏရပ်သည့် စက္ကန့်ပိုင်းကြောင့် ကျွန်တော်တို့တပ်စိတ်သူရဲကောင်းများ မဖြစ်ခဲ့ပါ။ ဤမျှရိုးသားသော ကျွန်တော့်သူငယ်ချင်းကရင်တိုင်းရင်းသား ဗိုလ်လောင်းဖြစ်သည်။ သို့သော် သူ့စိတ်ဓာတ်ကိုကြိုက်သည်။ ထို့ထက်ပိုကြိုက်စရာကောင်းသည်ကို စောသောင်းရွှေ ထပ်၍လုပ်ပြသည်။ Long Range Penetration (LRP) ခေါ် ခရီးရှည်ချီတက်သော သင်ခန်းစာတွင်ဖြစ်သည်။ တပ်စိတ်လိုက်ကိုယ့်ရိက္ခာကိုယ်သယ်ကာ သွားရသည်။ ကိုယ့်ဘာသာကိုယ်ချက်စားရသည်။ ပဲခူးတိုင်းအတွင်း မိုးတွင်းကာလသွားကြရသည်။ ထမင်းစားချိန်တွင် စောသောင်းရွှေအစွမ်းပြသည်။ တောတွင်းသွားလာနေစဉ် သူချိုးခဲ့သော မျှစ်တိုမျှစ်စများ၊ ရေချောင်းများအတွင်းမှ ကောက်လာသော ခရုမျိုးစုံများကို ရိက္ခာဆန်နှင့် ရောကျိုသည်။ ငရုတ်သီးစိမ်းများ ထည့်သည်ကိုတွေ့သည်။ ကင်းပုံရွက်၊ ဆူးပုပ်ရွက်ကဲ့သို့ စားကောင်းသော အရွက်များထည့်သည်။ ပြီးတော့ ကရင်ဟင်း တာလပေါ့ဟုဆိုကာ ကျွေးသည်။ ကျွန်တော်တို့ အလွန်ကြိုက်ပါသည်။

တပ်မတော်သားဘဝ စတင်သည့်အချိန်တွင် ရှမ်းပြည်နယ်ကျိုင်းတုံဒေသတွင် တာဝန်ကျသည်။ ကျွန်တော် စတွဲသည့်တပ်စု၏ တပ်ကြပ်ကြီးမှာ ဆရာကြီးစောတင်ဝင်းဖြစ်သည်။ ကရင်တိုင်းရင်းသားဖြစ်သည်ကို အမည်ကြားရုံဖြင့် သိသည်။ ရေစက်ပဲဖြစ်မည်ဟု ခံယူသည်။ အသားမှာ နေလောင်ထားသဖြင့် နီစပ်စပ်ဖြစ်သည်။ အရပ်ခတ်ပုပ်ပုပ်ဖြစ်သည်။ စကားလည်း ခပ်ပြတ်ပြတ်ပြောသည်။ သူနှင့်အမြဲပါသည့် လက်နက်နှစ်ခုရှိသည်။ သူ့သေနတ် နှင့် ဓားမတိုဖြစ်သည်။ ဓားမတို ဖြစ်သော်လည်း သူ့သခင်အတိုင်း သူကလည်း ပြတ်သည်။ ပြတ်အောင်လည်း ဆရာကြီးက အားလျှင် ဓားသွေးထားသည်။ တောတိုးလျှင် ဆရာကြီးရှေ့ဆုံးမှ ဖြစ်သည်။ သူ့ဓားမတိုသည် ဆူးငြောင့်၊ သစ်ပင်၊ ပိတ်ပေါင်း အကုန်ရှင်းပေးသည်။ ရဲဘော်တွေအားလုံး ဆူးမရှပါ။ ဝါးမရှပါ။ ဆရာကြီး၏ ဓားမတိုကျေးဇူးကြောင့် ဖြစ်သည်။ အကျိုးပြုသော ဓားပင်ဖြစ်သည်။ ကျွန်တော်တို့ တောတွင်းစခန်းချလျှင်လည်း ဆရာကြီး၏ ဓားမတိုသည် မပါမပြီးဖြစ်သည်။ အချိန်တိုအတွင်း ကျွန်တော်တို့တပ်စုရုံးအတွက် လေးယောက်စာတဲသည် သပ်ရပ်စွာပြီးသည်။ သစ်ခုတ်၊ နီးဖြာ၊ ဝါးကြမ်းပေါက်၊ အလွန်မြန်သည်။ ဝါးစိမ်းအနံ့၊ သစ်ရွက်များခံကာ ဝါးကြမ်းစိမ်းစိမ်းများ၏ အေးမြသော အရသာ၊ ကာရံထားသော သစ်ရွက်များကြားမှ ဝင်နေသောလေများ၏ လတ်ဆတ်အေးမြမှုများကို ကျွန်တော်မမေ့၊ တာဝန်အရ ပြည်ပနိုင်ငံများသို့ ရောက်ရှိစဉ် နိုင်ငံတကာ ကြယ်ငါးပွင့်ဟိုတယ်များတွင် အိပ်မပျော်သည့် ညများ၌ ဆရာကြီး စောတင်ဝင်း၏ သစ်ခက်တဲကို အမြဲသတိရသည်။ အမဲလိုက်ကောင်းသော ဆရာကြီးသည် တပ်စုတစ်စုလုံးအတွက် အားထားရာဖြစ်သည်။ ကျွန်တော်တို့စခန်းဘေးသို့ လာရောက်ကျက်စားလေ့ရှိသော ရွာသားများ၏ ကျွဲနွားများကို ကျွန်တော်တို့ တစ်ခါမျှမျက်စောင်းမထိုးမိစေရန် အမဲလိုက်ပြီး ရှာကျွေးခဲ့သော ဆရာကြီးကို ကျွန်တော့်အဖေကဲ့သို့ ချစ်သည်။

ကျွန်တော်သည် ဆရာကြီးစောတင်ဝင်း၏ သူရသတ္တိကိုလည်း တိုက်ပွဲများတွင် တွေ့ခဲ့ရသည်။ ကာဘိုင်ကို စနစ်တကျပစ်ခတ်ရင်း ကျွန်တော်နှင့်အတူ တပ်စုကို ကွပ်ကဲကာ တိုင်းပြည်၏ ရန်သူများကို ချေမှုန်းခဲ့သူအဖြစ် မှတ်မိသည်။ သူ့သေနတ်ပြောင်းသည် သောင်းကျန်းသူများကိုသာ တည့်မတ်စွာ ချိန်ရွယ်သည်ကို သိခဲ့ဖူးပါသည်။ သူတပ်မတော်အတွင်းမှ အနားယူချိန်တွင် မည်သို့နေထိုင်စားသောက်မည်ကို ကျွန်တော်မေးကြည့်ဖူးသည်။ ပဲခူးရိုးမရှိ သူ့ဇာတိကိုပြန်မည်။ တောင်ယာလုပ်စားမည်။ ယခုဓားမအပြင် နောက်ထပ် ဓားမတိုတစ်ချောင်းရှိလျှင်ပင် မိသားစုလေးယောက် ထမင်းမငတ်ဟု ပြုံးကာပြောသော သူ့ကို သတိရသည်။ ပြောသည့်အတိုင်းပင် ဆရာကြီး ပင်စင်ယူချိန်တွင် ပင်စင်စာအုပ်၊ ကရဏာကြေးနှင့် ဓားမတိုများကိုသာ သယ်ကာ သူ့မိသားစုကို ဦးဆောင်ခေါ်သွားသည့် ဆရာကြီးကို ကျွန်တော် ခုတိုင်မတွေ့နိုင်တော့ပါ။ ဖြောင့်မတ်သော၊ စံနမူနာပြုထိုက်သော ကရင်တိုင်းရင်းသား တပ်မတော်သားတစ်ဦးအဖြစ် ကျွန်တော့်ရင်ထဲတွင် ထာဝရသူရှိနေသည်။

ဤသို့ စေတနာကောင်းသော လှပသည့် ကရင်တိုင်းရင်းသူ ဘာဘရာ၊ ရိုးသားပွင့်လင်းသည့် ကရင်တိုင်းရင်းသား တပ်မတော်သား စောသောင်းရွှေ၊ ဖြောင့်မတ်သော စံနမူနာပြု စစ်သည်တော် ဆရာကြီးစောတင်ဝင်းကဲ့သို့သော ကရင်တိုင်းရင်းသားများနှင့် အနေများခဲ့သဖြင့် KNU သည် ကရင်မဟုတ်ဟု ကျွန်တော် ပြောခြင်းဖြစ်သည်။

ကရင်တိုင်းရင်းသူ ဘာဘရာကို သူ မချစ်ခင်၊ မနှစ်သက်သောသူများ လိုက်လံမနှောင့်ယှက်နိုင်အောင် ကျွန်တော်တို့ ကာကွယ်ခဲ့သည်။ KNU ကမူ ဘာဘရာကဲ့သို့ ကရင်တိုင်းရင်းသူများနေထိုင်ရာ ရွာများကို ကြောက်ခမန်းလိလိ လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပစ်ခတ်၊ အိမ်များကို မီးရှို့ခဲ့သည့် ဖြစ်ရပ်မှန်များနှင့်စပ်လျဉ်း၍ သံတောင်ကြီးဒေသမှ ဒေသခံတိုင်းရင်းသားများက ရင်ဖွင့်ပြောဆိုခဲ့သည်များကို ၁၅-၅-၂၀၀၆ ရက်နေ့ည ရုပ်မြင်သံကြားသတင်းတွင် ရင်နင့်စွာကြားခဲ့ရသည်။ ရိုးသားသောဒေသခံများက သူတို့ပြောတတ်သည့်အတိုင်း ပြောသွားသည်ကိုကြားရုံမျှဖြင့် ကြက်သီးမွေးညင်းထသည်။ ကိုယ့်တိုင်းရင်းသားများကို ကာကွယ်စောင့်ရှောက်ရမည့်အစား ရက်စက်ယုတ်မာစွာဆက်ဆံကျင့်ကြံသူများဖြစ်သဖြင့် KNUသည် ကရင်မဟုတ်ဟု ပြောရခြင်းဖြစ်ပါသည်။

မြူးကြွသောတေးသံ၊ သွက်လက်သောအကများကို ဖန်ဆင်းနိုင်သည့် ကရင်ဒုံးသံ၊ စောသောင်းရွှေပြောပြခဲ့သည့် ကရင် ဖားစည်သံများအစား ကလေးငယ်များငိုကြွေးသံ၊ သက်ကြီးရွယ်အို ကရင်တိုင်းရင်းသား အဘိုးအဘွားများ၏ အကူအညီတောင်းခံသံ၊ ချွေးနဲ့စာဖြင့် တည်ဆောက်အပ်သော လူနေအိမ်များ တဖျစ်ဖျစ်မီးလောင်ကျွမ်းသံ၊ လူအများအသက်လုပြေးနေသော ခြေသံ၊ KNU ၏ လက်နက်ကြီး၊ လက်နက်ငယ်များ ကျရောက်ပေါက်ကွဲသံများ ကြားယောင်မိသည်။ စောသောင်းရွှေ၏ ပါးစပ်ဒုံးသံကိုကြားစဉ်က ဒူးလှုပ်သလို မလှုပ်နိုင်၊ ကျွန်တော် ငိုင်နေသည်။ ကိုယ်ချင်းစာမိသည်။ ကရင်တိုင်းရင်းသား ဆရာကြီးစောတင်ဝင်း၏ ကာဘိုင်သည် သောင်းကျန်းသူများဘက်သို့ သာ ချိန်ရွယ်ခဲ့သည်။ KNU ၏သေနတ်များသည် ကရင်တိုင်းရင်းသားများဘက်သို့ တည့်မတ်စွာလှည့်နေသည်ကို မယုံကြည်နိုင်စွာ သိရှိလာခဲ့သည်။

တပ်စိတ်အဆင့်ပြိုင်ပွဲ၌ပင် မျှတစွာယှဉ်ပြိုင်ပြီး ရိုးသားစွာ ပြောကြားခဲ့သော ကရင်တိုင်းရင်းသားစောသောင်းရွှေ၏ ပင်ကိုရိုးသားမှုကို KNU ၌ ကျွန်တော်ရှာမတွေ့နိုင်၊ နယ်စပ်ရှိ ဒုက္ခသည်စခန်းများဟုခေါ်ဝေါ်သမုတ်အပ်သည့် နေရာများတွင် နေထိုင်သူများမှာ KNU အဖွဲ့ဝင်များ၏မိသားစုများသာဖြစ်ကြောင်း၊ ယင်းတို့၏ဆန္ဒတစ်ပြားသားမျှမပါဘဲ KNU ခေါင်းဆောင်များက အတင်းရွှေ့ပြောင်းထားသူများဖြစ်ကြောင်းကို ၁၅-၅-၂၀၀၆ ရက်နေ့ည ရုပ်မြင်သံကြားသတင်းတွင် မြင်တွေ့လိုက်ရသည်။ အမှန်မပြောသည့်၊ လိမ်ညာတတ်သည့် KNU သည် ကရင်မဟုတ်ဟု အမှန်ကို အမှန်အတိုင်းဖြစ်စေလိုသော ကျွန်တော်သိသည့် စောသောင်းရွှေနှင့် ဥပမာပေးတိုင်တည်လိုသည်။

စောသောင်းရွှေချက်ကျွေးခဲ့သော တာလပေါ့ဟင်းကို ကရင်တိုင်းရင်းသား မဟုတ်သည့် ကျွန်တော်တို့ကြိုက်သည်။ ကျွန်တော်တို့သည်ပင် ဤမျှကြိုက်လျှင် ကရင်တိုင်းရင်းသားများအနေဖြင့် ကြိုက်မှကြိုက်ဖြစ်မည်မှာ သေချာသည်။ သို့သော် သူတို့ကြိုက်သောဟင်းကိုပင် သူတို့မစားနိုင်ရှာတော့ပြီကိုလည်း သိခဲ့ရသဖြင့် ယူကျုံးမရဖြစ်မိသည်။ မုန်းကျေးရွာအုပ်စုတွင် ဒေသခံတိုင်းရင်းသားများသည် ဘာသာဘာဝဖားရှာငါးရှာ၊ ဟင်းရွက်ခူးခြင်းကို မဆိုထားဘိ ရွာပြင်ကိုမျှမသွားရဲအောင် KNU တို့က မိုင်းထောင်ခြိမ်းခြောက်သည်ကို ကြားသိရသဖြင့် ရင်နာသည်။ စားကောင်းခြင်း မစားရသော၊ အိပ်ကောင်းခြင်း မအိပ်ရသောဘဝကို မျှဝေခံစားရသည်ကပင် ပင်ပန်းလှသည်။

ဆရာကြီးစောတင်ဝင်းသည် တပ်စုအတွက် တောပစ်ပြီး အသားရှာကျွေးခဲ့သည်။ ဒေသခံများ၏ ကျွဲနွားများကို တစ်ခါမျှ မကျူးလွန်ခဲ့၊ သို့သော် KNU သည် ရွာသားများ၏ ကျွဲနွားများကိုသာ အာသီသရှိသည်ကို ဒေသခံများ၏ ပြောကြားချက်များအရ သိခဲ့သည်။ ကွာခြားလွန်းလှသည်။ ဆရာကြီးစောတင်ဝင်းသည် ယင်း၏ တရားသဖြင့်ရှာဖွေထားသည့် လစာ၊ ပင်စင်နှင့် ဓားမတိုများကိုသာ ယူဆောင်ကာ ဇာတိမြေသို့ ပြန်သည်ကိုသာတွေ့ခဲ့ဖူးသည်။ KNU သည် ကျေးရွာသားများ၏ ချွေးစွန်းသော ချွေးနဲ့စာများကို လုယက်ယူငင်သည်ကို သိလိုက်ရသည်။ ဆက်ကြေးတောင်းသည်ကို သိလိုက်ရသည်။ ဝိသမလောဘသားများပါလား။ ထို့ကြောင့် KNU သည် ကရင်မဟုတ်ဟု ဆိုအပ်သည်။

ဆရာကြီးစောတင်ဝင်း၏ ဓားမတိုသည် ဆူးငြောင့်ခလုတ်တို့ကို ရှင်းသည်။ လေဒဏ်မိုးဒဏ်မှ အကာအကွယ်ပေးရန် အသုံးဝင်ခဲ့သည်။ KNU တို့၏ဓားသည် တိုင်းရင်းသား ကရင်လူငယ်ကလေးများ၏ လည်ပင်းကို လှီးသည်ဟု မုန်းဒေသ ကြောင်ပြာကျေးရွာမှ ဒေသခံတစ်ဦးက ရင်ဖွင့်သည်ကိုကြားခဲ့ရသည်။ ဓားပင်ဖြစ်သော်ငြားလည်း ကရင်တိုင်းရင်းသားနှင့် KNU တို့အကြား အသုံးချမှု ကွာခြားပုံကို သိခဲ့ရသည်။ ထို့ကြောင့် KNU သည် ကရင်မဟုတ်ဟု ဆိုရခြင်းဖြစ်ပါသည်။ ။

ကျန်းမာရေးအတွက် သကြားလျှော့စားရန် မလေးရှားဝန်ကြီး တိုက်တွန်း

ကွာလာလမ်ပူ ဇွန် ၁၅

ဘ၀တွင် ကျန်းမာစွာ နေထိုင် နိုင်ရန်နှင့် သကြားကို လျှော့သုံးရန် မလေးရှားကျန်းမာရေးဝန်ကြီး ချူအာ ဆိုင်လိစ်စ်က ၎င်း၏နိုင်ငံသားများကိုအင်္ဂါနေ့တွင် တိုက်တွန်းလိုက်သည်။

လူတစ်ဦးလျှင် နေ့စဉ်သကြား ၅၀ မီလီဂရမ်သာစားသုံးရန်လိုအပ်ကြောင်း၊ သို့သော် မလေးရှားနိုင်ငံသားများသည် နေ့စဉ် ပျမ်းမျှ ၁၂၅ မီလီဂရမ် စားသုံးနေသည်ကို လေ့လာတွေ့ရှိရကြောင်း၊ မလေးရှားနိုင်ငံသားများသည် ကျန်းမာရေးကို ထောက်ကူသည့် လူနေမှုပုံစံရှိရန် လိုအပ်ကြောင်း ကျန်းမာရေးဝန်ကြီးက ပြောကြားသည်။

မလေးရှားနိုင်ငံတွင် ကျန်းမာရေးနှင့် ညီညွတ်စွာ နေထိုင်စားသောက်ရန်အတွက် သကြား၊ အဆီနှင့် ဆားတို့ကို လျှော့စားပြီးဟင်းသီးဟင်းရွက်နှင့်သစ်သီးတို့ကို အများအပြား စားသုံးကြရန် လိုအပ်ကြောင်း ကျန်းမာရေးဆွေးနွေးပွဲ ဖွင့်ပွဲအပြီးတွင် ၎င်းကသတင်းထောက်များ ကိုပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

ကမ္ဘောဒီးယားနိုင်ငံ ကမ်ပွန်သွမ်ပြည်နယ်၌ သိမ်းဆည်းရမိသည့် တရားမဝင် လက်နက်များအား ဖျက်ဆီးရန် ပြင်ဆင်နေသည်ကို ဇွန် ၁၄ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ရှန်ဟိုင်း ပူးပေါင်းဆောင်ရွက်ရေး အဖွဲ့ဝင်နိုင်ငံများနှင့် ဆက်ဆံရေးမြှင့်တင်သွားမည်ဟု တရုတ်သမ္မတပြောကြား

ရှန်ဟိုင်း ဇွန် ၁၅

ရှန်ဟိုင်း ပူးပေါင်းဆောင်ရွက်ရေး အဖွဲ့၏ အဖွဲ့ဝင်နိုင်ငံများနှင့် တရုတ်နိုင်ငံတို့ ပူးပေါင်းဆောင်ရွက်မှု ပိုမိုမြှင့်တင်သွားမည်ဖြစ်ကြောင်း တရုတ်သမ္မတ ဟူကျင်တောင်က ဗုဒ္ဓဟူးနေ့တွင် အခိုင်အမာ ပြောကြားသည်။

တွေ့ဆုံ

တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့တွင်ရောက်ရှိနေသည့် ဥဇဘက်ကစ္စတန်နိုင်ငံမှ သမ္မတ အစ္စလစ်ကာရီမော့နှင့် တွေ့ဆုံဆွေးနွေးပြီးနောက် ယင်းသို့ပြောကြားခြင်းဖြစ်သည်။

ပြောကြား

အကြမ်းဖက်တိုက်ခိုက်မှု၊ သီးခြားနယ်မြေခွဲထွက် ထူထောင်မှုနှင့် အစွန်းရောက် အယူအဆတို့ကို တိုက်ဖျက်ရေး၊ ဒေသ၏လုံခြုံရေးနှင့် တည်ငြိမ်မှု ထိန်းသိမ်း စောင့်ရှောက်ရေးတို့သည် တရုတ်နှင့် ဥဇဘက်ကစ္စတန်တို့၏ အကျိုးတူလုပ်ငန်းများ ဖြစ်သည်ဟု ဟူကျင်တောင်က ပြောကြားသည်။

ရှန်ဟိုင်း ပူးပေါင်းဆောင်ရွက်ရေး အဖွဲ့၏ လုပ်ငန်းများအောင်မြင်မှုရှိစေရေးအတွက် ဥဇဘက်ကစ္စတန် နိုင်ငံက အရေးပါသည့် အခန်းကဏ္ဍမှ ပါဝင်လှုပ်ရှားခဲ့သည်ဟု ၎င်းက ပြောကြားသည်။

ချီးကျူး

ဟူကျင်တောင်က တရုတ်-ဥဇဘက် နှစ်နိုင်ငံ၏ ဆက်ဆံရေးကို ထုတ်ဖော်ချီးကျူးလိုက်ပြီး ယင်းဆက်ဆံရေးသည် နိုင်ငံရေးအရ ထောက်ခံမှုနှင့် ပူးပေါင်းဆောင်ရွက်ရေး နက်ရှိုင်းစေပြီး နီးစပ်သည့် ညှိနှိုင်းဆောင်ရွက်ရေးကို ဖော်ညွှန်းထားခြင်းဖြစ်သည်ဟု ၎င်းက ဆက်လက်ပြောကြားသည်။

အခြေခံထား

ချစ်ကြည်ရင်းနှီးပြီး ပူးပေါင်းဆောင်ရွက်မှုအပေါ် အခြေခံထားသည့် တရုတ်-ဥဇဘက်စာချုပ်သည် နှစ်နိုင်ငံဆက်ဆံရေးဖွံ့ဖြိုးမှု မျက်နှာစာသစ်ဆီသို့ တွန်းပို့ပေးလိုက်ခြင်းဖြစ်သည်ဟုဟူကျင်တောင်က ထပ်လောင်း ပြောကြားသည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

မက်ဆီဒိုးနီးယားနှင့်တူရကီ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်မည်

တိုင်ရာနာ ဇွန် ၁၅

မက်ဆီဒိုးနီးယား ဝန်ကြီးချုပ် ဗလာဒိဘတ်ကော့စကီးနှင့် တူရကီဝန်ကြီးချုပ် ရီဆက်တိုင်အာဒိုဂန်တို့သည် စကော့ဂျီမြို့တွင် အင်္ဂါနေ့က တွေ့ဆုံကြပြီး နှစ်နိုင်ငံအတွင်း စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရန် ကတိကဝတ်ပြုခဲ့ကြသည်။

မက်ဆီဒိုးနီးယားနှင့် တူရကီနှစ်နိုင်ငံအတွင်း ပွင့်လင်းသည့် ပြဿနာများမရှိကြောင်း၊ နှစ်နိုင်ငံအနေဖြင့် နိုင်ငံရေးအရ ဆက်ဆံမှုများ ထူးထူးကဲကဲရှိနေကြောင်း ဝန်ကြီးချုပ်နှစ်ဦးက သဘောတူညီကြကြောင်း စကော့ဂျီမှလာသည့် သတင်းများအရ သိရသည်။

သို့ရာတွင်နှစ်နိုင်ငံအတွင်း စီးပွားရေးကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်မှုသည် ကျေနပ်စရာမရှိဟု ၎င်းတို့က ထောက်ပြကြသည်။

မက်ဆီဒိုးနီးယားတွင် တူရကီ၏ ရင်းနှီးမြှုပ်နှံမှုသည် ဒေါ်လာသန်း ၁၀၀ ခန့်သာရှိကြောင်း၊နှစ်နိုင်ငံ ဆက်ဆံရေး အထူးကောင်းမွန်သည့်အခြေအနေနှင့် နှိုင်းယှဉ်ပါက ယင်းပမာဏသည် မများလှဟု ဝန်ကြီးချုပ် ဗလာဒိဘတ်ကော့စကီးက ပြောကြားသည်။

တူရကီဝန်ကြီးချုပ် အာဒိုဂန်က နှစ်နိုင်ငံ အပြန်အလှန် ကုန်သွယ်မှု မြှင့်တင်သင့်သည်ဟု ပြောကြားသည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

အီရန်နျူကလီးယား ပြဿနာထက် အမေရိကန်တပ်ဖွဲ့က ပိုမိုခြိမ်းခြောက်

ဝါရှင်တန် ဇွန် ၁၅

အရှေ့အလယ်ပိုင်းဒေသအတွက် အမေရိကန်တပ်ဖွဲ့ဝင်များ အီရတ်နိုင်ငံသို့ ရောက်ရှိနေမှုက အီရန်နျူကလီးယားပြဿနာထက် ပိုမိုကြောက်မက်ဖွယ်ကောင်းသည့် ခြိမ်းခြောက်မှုပြဿနာတစ်ရပ်ဖြစ်နေသည်ဟု ဥရောပနိုင်ငံအချို့မှ ပြည်သူများနှင့် အစ္စလာမ္မစ်နိုင်ငံများမှ ပြည်သူများက ထင်မြင်လျက်ရှိကြကြောင်း လတ်တလောပြုလုပ်သည့် လူထုသဘောထားစစ်တမ်းတစ်ခုအရ သိရှိရသည်။

ထင်မြင်ယူဆ

အဆိုပါ စစ်တမ်းကို ပြုသုတေသနဌာနက အင်္ဂါနေ့တွင် ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။ ဗြိတိန်၊ ပြင်သစ်၊ ဂျာမနီ၊ စပိန်နှင့် ရုရှားနိုင်ငံတို့မှ ပြည်သူလူထုက အီရတ်တွင် အမေရိကန်တပ်ဖွဲ့ဝင်များ ရောက်ရှိနေသည့်ပြဿနာသည် အီရန်နျူကလီးယားပြဿနာထက် ပိုမိုဆိုးရွားသည်ဟုထင်မြင်ယူဆနေကြောင်း ယင်းစစ်တမ်းတွင် ဖော်ပြထားသည်။

ဆိုးရွား

အီရတ်တွင်အမေရိကန် ရောက်ရှိနေမှုပြဿနာနှင့်စပ်လျဉ်း၍ အင်ဒိုနီးရှား၊ အီဂျစ်၊ ဂျော်ဒန်၊ တူရကီနှင့် ပါကစ္စတန်စသည့် အစ္စလာမ္မစ်ကမ္ဘာမှ ပြည်သူလူထုက ဆိုးရွားသည့် ပြဿနာအဖြစ်ရှုမြင်နေကြသည်။

အန္တရာယ်ဖြစ်

အီရတ်တွင် အမေရိကန်တပ်ဖွဲ့ဝင်များ ရောက်ရှိမှုသည်ကမ္ဘာ့ငြိမ်းချမ်းရေးအတွက် ခြိမ်းခြောက်မှု အန္တရာယ်ဖြစ်နေသည်ဟု ဗြိတိန်နိုင်ငံမှ ၄၁ ရာခိုင်နှုန်းသော တုံ့ပြန်ဖြေကြားသူများက ပြောကြားကြသည်။

အီရတ်စစ်ပွဲသည် ကမ္ဘာတစ်ဝန်းရှိ ပြည်သူလူထုအတွက်အန္တရာယ်တစ်ရပ်ဟု အဆိုပါ နိုင်ငံများမှ ပြည်သူလူထုက ပြောကြားကြသည်။

အမေရိကန် ဦးဆောင်သော အကြမ်းဖက်မှု တိုက်ဖျက်ရေးစစ်ပွဲကို ထောက်ခံမှုနှုန်းသည် အဆိုပါ နိုင်ငံများတွင် ကျဆင်းလျက်ရှိနေသည်ဟု စစ်တမ်းအရ သိရှိရသည်။

အဆိုပါ လူထုသဘောထားစစ်တမ်းကို ဧပြီနှင့် မေလက ကောက်ယူခဲ့ခြင်းဖြစ်သည်။

အမ်အင်အေ၊ ဆင်ဟွာ။

တရုတ်နိုင်ငံ လောင်ကွမ်မြို့ရှိ ဓာတုဗေဒစက်ရုံတစ်ရုံ မီးလောင်နေသည်ကို ဇွန် ၁၄ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ပါလက်စတိုင်း မွေးကင်းစကလေး သေဆုံးမှုနှုန်း မြင့်မား

ဂျီနီဗာ ဇွန် ၁၅

နာမကျန်းဖြစ်နေသည့် ပါလက်စတိုင်းမွေးကင်းစကလေးငယ်သုံးဦးလျှင် တစ်ဦးသည် ဂရုစိုက်ပြုစုစောင့်ရှောက်မှု နည်းပါးပြီး အခြေခံဆေးဝါးလိုအပ်မှုကြောင့် ဂါဇာဆေးရုံများတွင် သေဆုံးနေကြကြောင်း ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ (ယူနီဆက်ဖ်)က အင်္ဂါနေ့တွင် ပြောကြားသည်။

ပါလက်စတိုင်း အာဏာပိုင်အဖွဲ့က လိုအပ်သည့် ကျန်းမာရေးနှင့် ပညာရေးလုပ်ငန်းများအတွက် ငွေကြေးဖြည့်ဆည်းနိုင်စွမ်းမရှိဖြစ်နေရာ ယူနီဆက်က အသိမ်းပိုက်ခံနယ်မြေများအတွက် ငွေကြေးတောင်းခံမှုသည် ယခင်က ဒေါ်လာ ၈ ဒသမ ၄ သန်းရှိခဲ့ရာမှ ယခုအခါ သုံးဆနီးပါး တိုးမြှင့်တောင်းခံနေရသည်ဟု ပြောကြားသည်။

အကူအညီဖြတ်တောက်ထား

အမေရိကန်ပြည်ထောင်စုနှင့် ဥရောပသမဂ္ဂတို့က ဇန်နဝါရီ ရွေးကောက်ပွဲတွင် အနိုင်ရရှိခဲ့သည့် ဟားမက်စ်ဦးဆောင်အစိုးရသို့ ပေးမည့်အကူအညီကို ဖြတ်တောက်ခဲ့ကြပြီး အစ္စရေးကလည်း အခွန်ကောက်ခံရငွေများကို ယင်းအစိုးရသို့ လွှဲပြောင်းမပေးဘဲ ရပ်ဆိုင်းထားခဲ့ကြသည်။

ငွေကြေး အခက်အခဲကြောင့် ဆရာအများစုနှင့် ကျန်းမာရေးဝန်ထမ်းများ လစာမရသည်မှာ သုံးလရှိနေပြီဖြစ်ရာ ၎င်းတို့အား စည်းရုံးလှုံ့ဆော်ရန် ခက်ခဲနေသည်ဟု ယူနီဆက်ဖ်မှ ပြောရေး ဆိုခွင့်ရှိသူ ဒါမီယင်ပါဆွန်နက်က ပြောကြားသည်။

ပြောကြား

ဂါဇာဆေးရုံတွင် မွေးကင်းစကလေးငယ်သုံးဦးလျှင် တစ်ဦးသေဆုံးသည့် အန္တရာယ်သည် ဆေးဝါး မလုံလောက်မှု၊ လိုအပ်သည့်ဆေးဝါးများ မရရှိမှုတို့ကြောင့် ဖြစ်သည်ဟု ၎င်းက သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

အဓိကသားကောင်

အသိမ်းပိုက်ခံနယ်မြေ၏ အခြေအနေသည် အလွန်တရာ ကြောက်လန့်ဖွယ်ကောင်းနေကြောင်း၊ အရပ်သားများ အထူးသဖြင့် မိန်းမများနှင့် ကလေးငယ်များ၏ အခြေအနေသည် အစ္စရေး-ပါလက်စတိုင်းပဋိပက္ခ၏ အဓိကသားကောင်များဖြစ်နေသည်ဟု ၎င်းက ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ် ကိပ်ကာနေဗာရယ်လ်အာကာသစခန်း၌ အာကာသမစ်ရှင်ကျွမ်းကျင်သူပညာရှင် သောမတ်စ်ရီတာ လေ့ကျင့်မှု ပြုလုပ်နေသည်ကို ဇွန် ၁၄ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ဂျပန်နိုင်ငံ မြို့တော်တိုကျိုတွင် ကမ္ဘာ့စီးပွားရေး ဖိုရမ်ဆွေးနွေးပွဲ ကျင်းပနေသည်ကို ဇွန် ၁၅ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

တရုတ်နှင့် အာဆီယံအပြန်အလှန်ကုန်သွယ်မှုပမာဏ ၁၅ နှစ်အတွင်း နှစ်စဉ် ၂၀ ရာခိုင်နှုန်း တိုးတက်လျက်ရှိ

နန်နင်း ဇွန် ၁၅

တရုတ်နိုင်ငံနှင့် အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ)ဝင်နိုင်ငံများအတွင်း အပြန်အလှန် ကုန်သွယ်မှုပမာဏသည် လွန်ခဲ့သည့် ၁၅နှစ်အတွင်း နှစ်စဉ်တိုးတက်မှုနှုန်း ၂၀ ရာခိုင်နှုန်းအထိ တိုးတက်လာကြောင်းဖြင့် ဆက်လက်ကျင်းပနေသော တတိယအကြိမ်မြောက် တရုတ်-အာဆီယံ ထိပ်သီးညီလာခံသတင်းရပ်ကွက်အရ သိရှိရသည်။

တရုတ်နှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ စီးပွားရေးပူးပေါင်းမှုကဏ္ဍသည် လွန်ခဲ့သည့် ၁၅ နှစ်အတွင်း အောင်မြင်မှု ကြီးကြီးမားမားရရှိခဲ့ရာ နိုင်ငံအချင်းချင်း အပြန်အလှန်ကုန်သွယ်မှုပမာဏ အလျင်အမြန်ကြီးထွားလာမှုက သက်သေပြနေခြင်းဖြစ်သည်ဟု အာရှကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူး ဂူဇင်ပင်က ပြောကြားသည်။

တရုတ်နှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများအတွင်း ၂၀၀၅ ခုနှစ်က ကုန်သွယ်မှုပမာဏသည် အမေရိကန် ဒေါ်လာ ၁၃၀ ဒသမ ၃ ဘီလီယံအထိရှိနေပြီး နှစ်အလိုက် ၂၃ ရာခိုင်နှုန်းမြင့်မားလာခြင်းဖြစ်သည်။

၂၀၀၆ ခုနှစ် ဇန်နဝါရီလမှ ဧပြီလအတွင်း ယင်းနိုင်ငံများအတွင်း ကုန်သွယ်မှုပမာဏသည် အမေရိကန်ဒေါ်လာ ၄၇ ဘီလီယံအထိရှိပြီး ၂၂ ရာခိုင်နှုန်း မြင့်တက်လာခဲ့ခြင်းဖြစ်သည်ဟု ဖော်ပြပါ တာဝန်ရှိသူက ပြောကြားသည်။

လွန်ခဲ့သည့်နှစ်အတွင်း အမေရိကန်ပြည်ထောင်စု၊ ဥရောပသမဂ္ဂနှင့် ဂျပန်နိုင်ငံတို့သည် တရုတ်နိုင်ငံနှင့် အများဆုံးကုန်သွယ်သည့်နိုင်ငံများဖြစ်ပြီး အာဆီယံသည် စတုတ္ထမြောက် အများဆုံး ကုန်သွယ်ဖက်နိုင်ငံ ဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

ပါကစ္စတန်အရှေ့ပိုင်း၌ ယာဉ်တိုက်မှုဖြစ်ပွား

အစ္စလမ္မာဘတ် ဇွန် ၁၅

ပါကစ္စတန်နိုင်ငံ အရှေ့ပိုင်း ပန်ဂျပ်ပြည်နယ်တွင် အင်္ဂါနေ့က ယာဉ်တိုက်မှုဖြစ်ပွားခဲ့ရာ ဇနီးမောင်နှံနှစ်ဦးနှင့် ၎င်းတို့၏သား သေဆုံးခဲ့ကြောင်း ပုဂ္ဂလိက ဂျီအိုရုပ်မြင်သံကြားဌာနက သတင်းထုတ်ပြန်သည်။

လာဟိုမြို့ အရှေ့မြောက်ဘက် ကီလိုမီတာ ၈၀ အကွာရှိ ဒက်စ်ကာလမ်းတွင် အင်္ဂါနေ့က ဘတ်စ်ကားနှင့် ဆိုက်ကယ်တိုက်မှုဖြစ်ပွားရာ လူသုံးဦး သေဆုံးခဲ့သည်။

အဆိုပါ ယာဉ်တိုက်မှုတွင် ဘတ်စ်ကားပေါ်မှ ခရီးသည်ရှစ်ဦးမှာလည်း ဒဏ်ရာရရှိသည်။

အမ်အင်အေ၊ ဆင်ဟွာ။

နျူကလီးယား အရေးပေါ်ပြဿနာများအတွက် ကြိုတင်သတိပေးမှုအစီအစဉ် ဖော်ဆောင်မည်

ကူဝိတ်စီးတီး ဇွန် ၁၅

နျူကလီးယားနှင့် ဆက်နွှယ်သည့် အရေးပေါ်ပြဿနာများ ပေါ်ပေါက်လာခဲ့ပါက တန်ပြန်အရေးယူ ဆောင်ရွက်မည့် ကြိုတင်သတိပေးအစီအစဉ်ကို ကာတာနိုင်ငံက ဗုဒ္ဓဟူးနေ့တွင် ကြေညာကြောင်း ကူဝိတ်စီးတီးသို့ ရောက်ရှိလာသည့်သတင်းများအရ သိရှိရသည်။

အဆိုပါ အစီအစဉ်သည် နျူကလီးယားနှင့် ရေဒီယိုဓာတ်ကြွမှုနှင့် ဆက်နွှယ်မှုရှိသည့် အရေးပေါ်ပြဿနာအားလုံးဖြင့် ရင်ဆိုင်လာရပါက တန်ပြန်ဆောင်ရွက်ရန် ရည်မှန်းထားသည့် အစီအစဉ်ဖြစ်သည်ဟု ကာတာနိုင်ငံမှ အထက်တန်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

နျူကလီးယားလောင်စာဖြင့် လည်ပတ်နေသည့် ရေတပ်မှ သင်္ဘောများနှင့် ရေဒီယိုဓာတ်ကြွဖုံးများနှင့် ဆက်နွှယ်သည့် အရေးပေါ်ပြဿနာများကဲ့သို့သော မတော်တဆဖြစ်မှုများသည်လည်း အဆိုပါ အစီအစဉ်တွင် အကျုံးဝင်သည်ဟု သဘာဝပတ်ဝန်းကျင်နှင့် သဘာဝကာကွယ်တော အဆင့်မြင့်ကောင်စီ အထွေထွေ အတွင်းရေးမှူးချုပ်ဖြစ်သူ ခါလက်အယ်လ်-ဂါနင်က ပြောကြားသည်။

အဆိုပါ အစီအစဉ်ကို နိုင်ငံတကာ အဏုမြူစွမ်းအင်အေဂျင်စီ (အိုင်အေအီးအေ)မှ ကျွမ်းကျင်သူများက ရေးဆွဲခြင်းဖြစ်သည်ဟု ၎င်းက ပြောကြားသည်။

ကာတာနိုင်ငံက နျူကလီးယားနှင့် ဆက်နွှယ်သည့် အရေးပေါ်ပြဿနာများနှင့် ပတ်သက်၍ ကိုင်တွယ်ဖြေရှင်းရန် အဆင့်သင့်ရှိစေရေးအတွက် အလေးထားဆောင်ရွက်ရန် အမေရိကန်၊ ဗြိတိန်နှင့် အိုင်အေအီးအေတို့မှ ကျွမ်းကျင်သူ သုံးဦးပါဝင်သည့် အဖွဲ့တစ်ဖွဲ့က ကာတာနိုင်ငံသို့ လွန်ခဲ့သည့် ရက်သတ္တပတ်တွင် သွားရောက်ခဲ့ကြသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဗြိတိန်နိုင်ငံတွင် ဘေးအန္တရာယ်ဖြစ်စေနိုင်သော လက်နက်များကို အပ်နှံရန် အမိန့်ထုတ်ပြန်ကြေညာထားရာ ရဲတပ်ဖွဲ့ထံ လာရောက်အပ်နှံသည့် ဓားနှစ်လက်ကို တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

အီရတ်တွင် သေဆုံးသူ ကန်တပ်ဖွဲ့ဝင်ဦးရေ ၂၅၀၀ ပြည့်မြောက်

လန်ဒန် ဇွန် ၁၅

အီရတ်စစ်ပွဲစတင်ခဲ့ချိန်မှစ၍ ယခုနှစ် ဇွန် ၁၆ရက်အထိ ယင်းနိုင်ငံတွင်သေဆုံးသည့် အမေရိကန် တပ်ဖွဲ့ဝင်ဦးရေမှာ ၂၅၀၀ပြည့်မြောက်သွားပြီဖြစ်ကြောင်း ပင်တဂွန်စစ်ဌာနချုပ်က သောကြာနေ့ ထုတ်ပြန်ကြေညာချက်တွင် ဖော်ပြသည်။

အီရတ်တွင် ၂၅၀၀ မြောက်သေဆုံးသူ တပ်ဖွဲ့ဝင်မှာ မည်သူမည်ဝါဖြစ်သည်ကို အဆိုပါကြေညာချက်တွင် ဖော်ပြထားခြင်းမရှိပေ။ အီရတ်တွင် သေဆုံးသူများအနက် ၁၉၇၂ ဦးမှာ စစ်ရေးတာဝန်ထမ်းဆောင်စဉ်အတွင်း သေဆုံးခြင်း ဖြစ်သည်။ အီရတ်တွင် သေဆုံးသည့် အရပ်သားဦးရေမှာမူ ၃၈၃၅၅ ဦးမှ ၄၂၇၄၇ဦးအကြားရှိမည်ဟု စစ်ဆန့်ကျင်ရေးအုပ်စုတစ်စုက ပြောကြားသည်။

အင်တာနက်။

အာဖရိကကျေးလက်ဖွံ့ဖြိုးရေး အိုင်အက်ဖ်အေဒီထောက်ပံ့မည်

အဘူဂျာ ဇွန် ၁၅

နိုင်ငံတကာ စိုက်ပျိုးရေး ဖွံ့ဖြိုးမှုရန်ပုံငွေအဖွဲ့ (အိုင်အက်ဖ်အေဒီ)သည် အာဖရိကတိုက်၏ ကျေးလက်ဒေသများ၌ ဆင်းရဲမွဲတေမှု လျော့ပါးရေး အစီအစဉ်များကို ထောက်ပံ့ရန် အမေရိကန်ဒေါ်လာ သန်း ၃၀၀ ကတိပြုပြီးဖြစ်ကြောင်း နိုင်ငံပိုင် နိုင်ဂျီးရီးယားသတင်းဌာနက အင်္ဂါနေ့တွင် ဖော်ပြသည်။

အာဖရိကတိုက်၏ ကျေးလက်ဒေသများတွင် ဆင်းရဲမွဲတေမှုမှာ ဆိုးရွားလျက်ရှိကြောင်း အာဖရိက အနောက်ပိုင်းနှင့် အလယ်ပိုင်းဒေသဆိုင်ရာ အိုင်အက်ဖ်အေဒီ ညွှန်ကြားရေးမှူး မိုဟာမက်ဘီဗိုဂီက တနင်္လာနေ့တွင် ပြောကြားသည်။

အာဖရိက အနောက်ပိုင်းနှင့် အလယ်ပိုင်းရှိ ကျေးလက်ဒေသများ၌ ဆင်းရဲနွမ်းပါးသူဦးရေမှာ လွန်ခဲ့သည့် ဆယ်စုနှစ်တွင် ၂၀ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း၊ ယင်းအချက်မှာ အလှူရှင်နိုင်ငံများနှင့် နိုင်ငံတကာ အဖွဲ့အစည်းများအတွက် အလေးထားစဉ်းစားစရာဖြစ်ကြောင်း ဘီဗိုဂီက အဘူဂျာမြို့၌ ကျင်းပသည့် နိုင်ငံတကာ မြေဩဇာအသုံးပြုရေး အစည်းအဝေးတွင် ပြောကြားသည်။

အမ်အင်အေ၊ ဆင်ဟွာ။

ကုလသမဂ္ဂအတွင်းရေးမှူးချုပ်နေရာ ရှာရှီသာရူးဝါးကို အိန္ဒိယလျာထား

စင်ကာပူ ဇွန် ၁၅

ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ကိုဖီအာနန်၏ ဒုတိယအကြိမ်မြောက် ငါးနှစ်သက်တမ်းသည် ယခုနှစ်ကုန်တွင် ကုန်ဆုံးတော့မည်ဖြစ်သည်။ အိန္ဒိယနိုင်ငံက ကုလသမဂ္ဂဒုတိယအတွင်းရေးမှူးချုပ် ရှာရှီသာရူးဝါးကို ကိုဖီအာနန်၏ ရာထူးတွင်ဆက်ခံရန် ရွေးချယ်သတ်မှတ်ထားကြောင်း စင်ကာပူစထရိတ်တိုင်းမ် သတင်းစာက ကြာသပတေးနေ့တွင် ရေးသားဖော်ပြသည်။

ယင်းကိစ္စနှင့် ပတ်သက်ပြီး မကြာမီကြေညာချက်ထုတ်ပြန်မည်ဟု အဆိုပါ သတင်းစာက နယူးဒေလီမြို့ရှိ အထက်တန်းသတင်းရပ်ကွက်ကို ကိုးကား၍ ရေးသားသည်။ ယခုနှစ်တွင် အသက်(၅၀) ပြည့်တော့မည့် ရှာရှီသာရူးဝါးသည် ၁၉၇၈ ခုနှစ်တွင် ကုလသမဂ္ဂတွင် စတင်တာဝန်ထမ်းဆောင်ခဲ့ပြီး ယခုအခါ ကုလသမဂ္ဂ ပြန်ကြားရေးဌာနတွင် အကြီးအကဲအဖြစ် တာဝန်ထမ်းဆောင်နေသည်။ ၎င်းသည် လန်ဒန်မြို့တွင် မွေးဖွားခဲ့ပြီး အိန္ဒိယနှင့် အမေရိကန်ပြည်ထောင်စုတို့တွင် ပညာသင်ကြားခဲ့ကာ စာအုပ်အများအပြား ရေးသားခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ။

ကျူးဘားနိုင်ငံ အစ္စယာဘယ်လ်ရူဘီရိုမြို့တွင် ရေလွှမ်းမိုးလျက်ရှိသည်ကို ဇွန် ၁၅ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

လက်ခံတွေ့ဆုံ

ဇွန် ၁၆ ရက်က ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး H. E. Mr. Oleg V. Kabanov **အား နေပြည်တော်ရှိ ပေါင်းလောင်းရိပ်သာ၌ လက်ခံတွေ့ဆုံစဉ်။** (သတင်း–ရွှေဖုံး) (သတင်းစဉ်)

လေးမျက်နှာမြို့နယ်အသင်း ဒုတိယအကြိမ် ဝါဆိုသင်္ကန်းကပ်လှူမည်

ရန်ကုန် ဇွန် ၁၆

အင်းစိန်မြို့နယ် အောင်ဆန်းမြို့တောရ တပ်ဦးကျောင်း မိုးကုတ်ဝိပဿနာအဖွဲ့ခွဲ (၇၇) ပဓာန နာယကဆရာတော် မဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တသဒ္ဓမ္မကိတ္တိသာရအား အမှူးထား၍ လေးမျက်နှာမြို့နယ်အသင်း (ရန်ကုန်)၏ ဒုတိယအကြိမ်မြောက် ဝါဆိုသင်္ကန်း ကပ်လှူပွဲအခမ်းအနားကို ယင်းကျောင်း၌ ဇွန် ၁၈ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် ကျင်းပမည်ဖြစ်ရာ မြို့နယ်သူ၊ မြို့နယ်သားအားလုံး တက်ရောက်ပါဝင်ကုသိုလ်ယူကြရန် နှိုးဆော်ထားကြောင်းသိရသည်။ (က–ပ)

ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ လူမှုဝန်ထမ်းကျောင်းများ စစ်ဆေး

ရန်ကုန် ဇွန် ၁၆

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာ ချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေသည် တာဝန်ရှိသူများ လိုက်ပါလျက် ယနေ့ မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ကျိုက်ဝိုင်းဘုရားလမ်းရှိ လူမှုဝန်ထမ်း အတတ်သင်သိပ္ပံကျောင်းသို့ သွားရောက်ရာ ကျောင်းဧည့်ခန်းမ၌ ကျောင်းအုပ်ဆရာမကြီး ဒေါ်ထွေးမြင့်က ကျောင်း၏ နောက်ခံသမိုင်း၊ ဝန်ထမ်းဖွဲ့စည်းပုံနှင့် လူမှုဝန်ထမ်း ပညာရပ်များ သင်ကြားလေ့ကျင့်ပေးမှုဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းတင်ပြပြီး လူမှုဝန်ထမ်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ထွန်းခိုင်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ မသန်စွမ်းသက်ကြီးသင်တန်းကျောင်းမှ ကျောင်းအုပ်ဒေါ်ခင်မေသန်းက ကျောင်း၏နောက်ခံသမိုင်း၊ ဝန်ထမ်းဖွဲ့စည်းပုံနှင့် အသက်မွေးမှုပညာရပ်များ သင်ကြားလေ့ကျင့်ပေးမှုဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းတင်ပြပြီး ညွှန်ကြားရေးမှူး ဦးမောင်မြင့်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် ဝန်ကြီးနှင့် အဖွဲ့သည် လူမှုဝန်ထမ်း အတတ်သင်သိပ္ပံကျောင်း၌ ဖွင့်လှစ်ထားသော လူမှုဝန်ထမ်းသင်တန်းများနှင့် မသန်စွမ်းသက်ကြီးသင်တန်းကျောင်း၌ ဖွင့်လှစ်ထားသော ကွန်ပျူတာသင်တန်း၊ ပိုးစာပုံနှိပ်သင်တန်း၊ ဆံသသင်တန်း၊ စက်ချုပ်သင်တန်း၊ ဓာတ်ပုံသင်တန်းနှင့် ရေဒီယိုအီလက်ထရွန်းနစ် သင်တန်းများကို ကြည့်ရှုစစ်ဆေးပြီး မသန်စွမ်းသူသင်တန်းသားများအနက် မသန်စွမ်းသူလေးဦးတို့အား ဘီးတပ်ကုလားထိုင်လေးစီးနှင့် သင်တန်းများအတွက် အဝတ်အထည်များကို တစ်ဦးချင်းပေးအပ်လှူဒါန်း၍ မသန်စွမ်းစစ်သည်များနှင့် မသန်စွမ်းသင်တန်းသားများအား ရင်းရင်းနှီးနှီး အားပေးစကားပြောကြားကာ လိုအပ်သည်များကို ဖြည့်ဆည်းပေးသည်။ (သတင်းစဉ်)

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည် နေရာချထားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ မသန်စွမ်းသက်ကြီး သင်တန်းကျောင်းမှ မသန်စွမ်းသူတစ်ဦးအား ဘီးတပ်ကုလားထိုင်နှင့် အဝတ်အထည်များ ပေးအပ်လှူဒါန်းစဉ်။
(လူမှုဝန်ထမ်း)

ဇီဝိတဒါန သံဃာ့ဆေးရုံကြီး မျက်စိကုသ လေဆာစက်အတွက် ငွေလှူဒါန်း

ရန်ကုန် ဇွန် ၁၆

ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ ဇီဝိတဒါန သံဃာ့ဆေးရုံကြီးတွင် မျက်စိဝေဒနာရှင် ဂိလာန သံဃာတော်များ၊ သီလရှင်များနှင့် လူပုဂ္ဂိုလ်များ မျက်စိရောဂါကုသရာတွင် ပိုမိုထိရောက်စေရေးအတွက် မျက်စိကုလေဆာစက် ဝယ်ယူတပ်ဆင်ရန် စီစဉ်လျက်ရှိသည်။

အဆိုပါစက်အတွက် ဇီဝိတဒါနသံဃာ့ဆေးရုံကြီး မျက်စိကုဌာနမှ မျက်စိအထူးကု စေတနာဆရာဝန်ကြီး ဒေါက်တာဦးလှမြင့်က မတည်အလှူငွေကျပ် ၂၅ သိန်းလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမောင်တင်နှင့် အတွင်းရေးမှူး ဦးမောင်မောင်တို့ လက်ခံယူကြသည်။ **(အောက်ပုံ)**

အဆိုပါစက်အတွက် ပါဝင်လှူဒါန်းလိုသူများအနေဖြင့် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က–ပ)

မဟာသရဏဂုံတော်နှင့် ကပ္ပိယကာရကသင်တန်း

ရန်ကုန် ဇွန် ၁၆

ရွှေတိဂုံစေတီတော် အရှေ့ဘက်မုခ်အနီး အာဇာနည်လမ်း ရှင်သာမဏေဓမ္မဗိမာန်၌ မဟာသရဏဂုံတော်ကြီးသင်တန်းကို ဇွန် ၁၉ ရက်မှ ဩဂုတ် ၂ ရက်အထိ အပတ်စဉ် (တနင်္လာနေ့မှ သောကြာနေ့)အထိ မွန်းလွဲ ၁နာရီမှ ညနေ ၄နာရီ အတွင်း ဆရာဦးချမ်းသာက ပို့ချမည်ဖြစ်သည်။ ကပ္ပိယကာရကသင်တန်းကို ဇွန် ၂၄ ရက်မှ ဇူလိုင် ၃၀ ရက်အထိ အပတ်စဉ် (စနေ–တနင်္ဂနွေနေ့)တို့တွင် မွန်းလွဲ၁၂နာရီခွဲမှ ၂နာရီခွဲအတွင်း ဆရာဦးစိုးတင့်နှင့် ဦးထွန်းရွှေတို့က ပို့ချပေးမည်ဖြစ်သည်။ သင်တန်း တက်ရောက်လိုသူများသည် ရှင်သာမဏေ ဓမ္မဗိမာန် ဖုန်း–၃၈၇၃၆၁သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ (က–ပ)

ဆွေးနွေးပို့ချ

ရန်ကုန်တောင်ပိုင်းခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ယာဉ်လိုင်းကြီးကြပ်မှုကော်မတီမှ ကြီးမှူး၍ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းသင်တန်းကို ဇွန် ၁၀ ရက်က ကျင်းပရာ ကြီးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့မှူးရုံးမှ ဒုရဲအုပ်သက်နိုင်ထွန်းက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် စပ်လျဉ်း၍ ဆွေးနွေးပို့ချစဉ်။ (၅၂၇)

ကျောက်ဆည်အသင်း(ရန်ကုန်) ဝါဆိုသင်္ကန်းကပ်လှူပွဲ

ရန်ကုန် ဇွန် ၁၆

ကျောက်ဆည်အသင်း (ရန်ကုန်)၏ ပဉ္စမအကြိမ်မြောက်ဝါဆိုသင်္ကန်းကပ်လှူပွဲနှင့် သက်ကြီးပူဇော်ပွဲကို ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဓမ္မာရုံ ရွှေတိဂုံဘုရားလမ်းတွင် ဇူလိုင် ၈ရက် (စနေနေ့) နံနက် ၇ နာရီမှစတင် ကျင်းပမည်ဖြစ်သည်။ အဆိုပါ ဝါဆိုသင်္ကန်းကပ်လှူပွဲနှင့် သက်ကြီးပူဇော်ပွဲတွင် ကုသိုလ်ပါဝင် လှူဒါန်းလိုပါက ကျောက်ဆည်အသင်း (ရန်ကုန်) ဖုန်း–၅၅၂၇၃၆၊ ဥက္ကဋ္ဌ ရဲမှူးကြီး ရဲသူရိန်ခင်မောင်ထွန်း(ငြိမ်း) (လမ်းမတော် ခင်မောင်ထွန်း) ဖုန်း–၀၉ ၅၁၃၉၈၇၆၊ ဒုတိယဥက္ကဋ္ဌ ဦးတင်လှိုင် (လယ်တွင်းသားစောချစ်) ဖုန်း–၆၃၅၂၆၂၊ ဒုတိယဥက္ကဋ္ဌ ဦးမြင့်လွင် ဖုန်း–၂၉၀၀၅၁၊ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးကြီးမျိုးမြင့် ဖုန်း ၀၉–၈၀၃၂၁၁၄၊ အတွင်းရေးမှူး ဦးကျော်မြအောင် ဖုန်း–၀၉၉၈၇၂၆၉၇ တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။ (က–ပ)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၇–၆–၂၀၀၆ (စနေနေ့)

၇း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅	ထင်ရှားတည်ရှိ–မြင်းမထိ
၇း၂၀	ပြည်တွင်းသတင်းအကျဉ်း
၇း၃၀	Music Talk (ဆုရည်)
၈း၀၅	နိုင်ငံတကာသတင်းအကျဉ်း
၈း၁၀	ပေါင်းတည်မြို့မှ ဘိုးဘွားရိပ်သာ
၈း၁၅	မိုးလေဝသခန့်မှန်းချက်
၈း၂၀	ရော်ဘာစိုက်ပျိုး ပြည်အကျိုးဆတိုးဆောင်ရွက် စီးပွားတက်
၈း၃၀	တေးဂီတအစီအစဉ်
၈း၃၅	နိုင်ငံတကာအနုပညာရေးရာ (ဇင်အောင်အောင်၊စုမြတ်မွန်)
၉း၁၀	ပြည်တွင်းသတင်းအကျဉ်း
၉း၂၀	တေးဂီတအစီအစဉ်
၉း၂၅	ဂုဏ်ယူစရာ လက်မှုအတတ်ပညာ
၉း၃၅	တေးဂီတအစီအစဉ်
၉း၄၀	လှပခံ့ညားရောင်စုံအမိုးပြား
၉း၅၀	တေးဂီတအစီအစဉ်
၉း၅၅	Star Album(1) (Examplez)
၁၀း၃၅	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၄၀	တေးဂီတအစီအစဉ်
၁၀း၄၅	အောင်မြင်ကျော်ကြား စီးပွားရေးစွမ်းဆောင်ရှင်များ (KSS ဦးထွန်းမြင့်)
၁၁း၀၀	ဂက်စ်မီးဖိုနှင့် ဖြစ်တတ်သောအန္တရာယ်များ
၁၁း၀၅	တေးဂီတအစီအစဉ်
၁၁း၁၀	မိကျောင်းမျိုးဆက် မပြုန်းတီးရေး ထိမ်းသိမ်းကာကွယ် စောင့်ရှောက်ပေး
၁၁း၃၀	တေးဂီတအစီအစဉ်
၁၁း၃၅	ယနေ့သိပ္ပံနှင့်နည်းပညာ
၁၁း၄၅	တေးဂီတအစီအစဉ်
၁၁း၅၀	ကွင်းမြေနမူနာထုတ်ယူခြင်းမှ ရရှိသောမြေနမူနာများအား ဓာတ်ခွဲစမ်းသပ်ခြင်း
၁၂း၀၀	MRTV-4 အပိတ် Logo

အထက်ပါ ၅ နာရီစာ အစီအစဉ်များကို ည ၂၃း၀၀ နာရီအထိ(၃)ကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

အမှာစကား ပြောကြား

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း မောင်တောမြို့ သီရိမင်္ဂလာခန်းမတွင် ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများအား အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

★ **မေယုတောင်တန်းမှ**

ဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါလျက် ဇွန် ၁၂ရက် နံနက်ပိုင်းတွင် မလိခအမြန်ရေယာဉ်ဖြင့် မောင်တောခရိုင် ဘူးသီးတောင်မြို့သို့ နံနက် ၁၁ နာရီတွင် ရောက်ရှိပြီး ဘူးသီးတောင်နှင့် မောင်တောကားလမ်း၏ မိုင်တိုင် (၈/၀)ရှိ ၁၉၁၈ခုနှစ်က MARTIN ကုမ္ပဏီကတည်ဆောက်ခဲ့သည့် အလျား ၆၅၈ပေ၊ အကျယ် ၁၅ပေနှင့် အမြင့် ၁၂ပေရှိ လိုဏ်ဂူကြီး၏ ကြံ့ခိုင်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ လိုဏ်ဂူကြီးအပေါ်၌ ရေမဝပ်ရေးနှင့် အစဉ်ကြံ့ခိုင်မှုရှိစေရန် မျက်ခြည်မပြတ် မွမ်းမံဆောင်ရွက်ရေးတို့ကို တာဝန်ရှိသူများအား မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် မောင်တောမြို့ရှိ သီရိမင်္ဂလာခန်းမသို့ သွားရောက်၍ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ရပ်မိရပ်ဖများအား တွေ့ဆုံရာ ရှေးဦးစွာ မောင်တောမြို့နယ် အေးချမ်း သာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ကြီးနီအောင်က မြို့နယ်အတွင်း ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေများကိုရှင်းလင်းတင်ပြပြီး တိုင်းမှူး ဗိုလ်မှူးချုပ် မောင်ရှိန်က ဖြည့်စွက်ရှင်းလင်း တင်ပြသည်။

ထို့နောက် ဒုတိယ ဗိုလ်ချုပ်ကြီး ခင်မောင်သန်းက အမှာစကားပြောကြားရာတွင် မောင်တောခရိုင်နှင့်မောင်တောမြို့နယ်၏ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကို တွေ့မြင်ရ၍ ဝမ်းမြောက်ရပါကြောင်း၊ ယခုအခြေအနေဖြင့် တင်းတိမ်ရောင့်ရဲမနေကြဘဲ ပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်း၊ ဒေသဆန်ဖူလုံရေးအတွက် ယခုထက်ပိုမိုအားထုတ် ကြရမည်ဖြစ်ကြောင်း၊ မိုးစပါးနှင့် နွေစပါးကို လျာထားချက်ထက် ပြည့်မီကျော်လွန်အောင် စိုက်ပျိုးရန်နှင့် ရေမြေ အခြေအနေပေးသည့် နေရာများတွင် မြေလွတ်မြေရိုင်းများနှင့် ကုန်းမြင့်လယ်ယာများ ဖော်ထုတ်၍ တစ်မိုးနှစ်သီး စိုက်ပျိုးရန်လည်းကောင်း၊ တစ်ဧက အထွက်တိုးရေးအတွက် နည်းလမ်းလေးသွယ်ဖြင့် လည်းကောင်း၊ စိုက်ပျိုးကြရန်လိုကြောင်း၊ သို့မှသာ မြို့နယ်၏ ဆန်ဖူလုံမှုရှိလာမည်ဖြစ်ကြောင်း၊ စက်မှုကုန်ကြမ်းသီးနှံ ရော်ဘာသည် ပြည်တွင်းသာမက ပြည်ပတွင်ပါ စျေးနှုန်းကောင်းနေသဖြင့် ဒေသခံပြည်သူများ ဝင်ငွေတိုးတက်ရေးသာမက အလုပ်အကိုင် အခွင့်အလမ်းများပါ ရရှိစေမည်ဖြစ်၍ တစ်ပိုင်တစ်နိုင်မှ စီးပွားဖြစ်အထိ စိုက်ပျိုးကြရန် မှာကြားလိုကြောင်း၊ မေယုတောင်တန်းကို ရွှေဖြူတောကြီးဖြစ်စေရန် နိုင်ငံတော် အပိုင်းက မျှော်မှန်းဆောင်ရွက်လျက်ရှိကြောင်း၊ အလားတူ ယနေ့ကမ္ဘာတွင် ရေနံရှားပါးမှုဖြင့် ရင်ဆိုင်ကြုံတွေ့လျက်ရှိရာ နိုင်ငံတော်အကြီးအကဲက နောင်အရှည်ကို မြော်တွေး၍ ဇီဝဒီဇယ် လောင်စာဆီ ထုတ်ယူနိုင်ပြီး စားသုံးမှုကိုလည်း မထိခိုက်စေသည့် ခြံစည်းရိုးကြက်ဆူပင်ကို သုံးနှစ်အတွင်း ပြည်နယ်နှင့်တိုင်းများ၌ ဧက ငါးသိန်းစီ သတ်မှတ်စိုက်ပျိုးစေခြင်းဖြစ်ကြောင်း၊ မောင်တောမြို့နယ်အနေဖြင့်လည်း ခြံစည်းရိုးကြက်ဆူပင်များကို ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးကြရန် လိုကြောင်း၊ ထို့ပြင် ရခိုင်ပြည်နယ်ကို ငရုတ်ကောင်း အများဆုံးစိုက်ပျိုးသည့် ပြည်နယ်ဖြစ်ရန် ကြိုးပမ်းအားထုတ်ကြရန်နှင့် မွေးမြူရေးကဏ္ဍအနေဖြင့် ရခိုင်ပြည်နယ်သည် ပုဇွန်ကန် ဧက ပေါင်း တစ်သိန်းခွဲ မွေးမြူလျက်ရှိသော်လည်း တစ်ဧက အထွက်နှုန်းမှာ နည်းပါးနေသဖြင့် အထွက်နှုန်းတိုးတက်ရေးအတွက် နည်းလမ်းရှာဖွေရန် လိုအပ်ကြောင်း၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူများ တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် နယ်စပ်ဒေသ အမှတ်(၁) ဝင်ထွက် တံတားဂိတ်သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိဝန်ထမ်းများအား နိုင်ငံတော်အတွက် ရရှိမည့် အခွန်အကောက်များ အပြည့်အဝရရှိရေးအတွက် ကြိုးပမ်းဆောင်ရွက်ရေး မှာကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် အဖွဲ့ဝင်များ လိုက်ပါလျက် မောင်တောမြို့ရှိ မြို့မကျောင်းတိုက်သို့ ရောက်ရှိကြ၍ မဟာကျန် ဗုဒ္ဓရုပ်ပွားတော်မြတ်အား ပန်း၊ ရေချမ်းများဖြင့် ဆက်ကပ်ပူဇော် ဖူးမြော်ကြပြီး ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် အဖွဲ့ဝင်အဖြစ်လိုက်ပါလာသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အောင်သိန်းက မဟာကျန် ဗုဒ္ဓရုပ်ပွားတော်မြတ် ဘက်ဆုံပြုပြင်မွမ်းမံရန်အတွက် အလှူရှင်အဂ္ဂမဟာ သီရိသုဓမ္မဓဇေတရေ ဦးကျော်မင်း လှူဒါန်းသောအလှူငွေကျပ် ၅၄၀၀၀၀ နှင့် ဦးလှမောင် (ခ) ဦးကျော်အေးနှင့် ဇနီး ဒေါ်ယက်သဲဖြူ မိသားစုတို့ လှူဒါန်းသော အလှူငွေကျပ် သုံးသိန်းတို့ကို ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် မောင်တောမြို့နယ် ညောင်ချောင်းကျေးရွာအုပ်စုရှိ ရွှေရင်အေးစံပြကျေးရွာ၌ ကျင်းပသည့် ခြံစည်းရိုးကြက်ဆူပျိုးပင်များ ပေးအပ်ခြင်းနှင့် စုပေါင်းစိုက်ပျိုးပွဲ အခမ်းအနားတို့သို့ တက်ရောက်အားပေးကြပြီး ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက နိုင်ငံတော်နှင့် ပြည်သူအတွက် အရေးကြီးသည့် လုပ်ငန်းတစ်ရပ်အဖြစ် ခံယူပြီး ဇီဝဒီဇယ်လောင်စာဆီထုတ်ယူ ရရှိနိုင်သည့် ခြံစည်းရိုးကြက်ဆူပင်များကို အင်တိုက်အားတိုက် ကြိုးပမ်းစိုက်ပျိုးကြရေး၊ စိုက်ပျိုးပြီး အပင်များ ရှင်သန်ကြီးထွားရေးအတွက် ထိန်းသိမ်း စောင့်ရှောက်ကြရေးနှင့် စပ်လျဉ်း၍ အမှာစကားပြောကြားသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း မောင်တောမြို့နယ် ရွှေရင်အေး စံပြကျေးရွာရှိ ဒေသခံပြည်သူများအား ထောက်ပံ့ပစ္စည်းများ ပေးအပ်စဉ်။ (သတင်းစဉ်)

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် တိုင်းမှူးတို့က လူမှုရေး အသင်းအဖွဲ့ဝင်များအား ခြံစည်းရိုးကြက်ဆူပင်များကို ပေးအပ်ကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ တိုင်းမှူး ဗိုလ်မှူးချုပ် မောင်ရှိန်နှင့် ကာကွယ်ရေး ဝန်ကြီးဌာနမှ ဗိုလ်ချုပ်အောင်သိန်းတို့က ခြံစည်းရိုးကြက်ဆူပင်များကို အမှတ်တရ စိုက်ပျိုးပေးကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် ညောင်ချောင်းကျေးရွာအုပ်စုနှင့် မြို့သူကြီးကျေးရွာအုပ်စုတို့အကြားရှိ တောင်ကြောများပေါ်၌ ရော်ဘာ ဧက ၁၅၀စိုက်ပျိုးဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ၏ ခြံစည်းရိုး ကြက်ဆူပင်များ တပျော်တပါး စိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် အဖွဲ့ဝင်များနှင့်အတူ ရွှေရင်အေး စံပြကျေးရွာရှိ ဒေသခံပြည်သူများအား ထောက်ပံ့ပစ္စည်းများပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်ရာ ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် ရွှေရင်အေးစံပြကျေးရွာမှ ဒေသခံပြည်သူများအား နှုတ်ဆက် အားပေးစကား ပြောကြားသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်မှူးချုပ် မောင်ရှိန်က နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမြသိန်းက ကျေးရွာ၏ လိုအပ်ချက်များကို ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက လိုအပ်သည်များကို မှာကြားစီမံဆောင်ရွက်ပေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက ကျေးရွာသူ၊ ကျေးရွာသားများအား အမျိုးသမီးဝတ် အနွေးထည် ၇၀၊ စောင် ၁၃၅ထည်၊ ကျားဝတ်လုံချည် ၅၀၊ အဝတ်အစားထုပ်များ၊ ကလေးကစားစရာများနှင့် အားကစားပစ္စည်းများကို ထောက်ပံ့ပေးအပ်ပြီး ကျေးရွာသူ၊ ကျေးရွာသားများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် အဖွဲ့ဝင်များ လိုက်ပါလျက် မောင်တောမြို့ နယ်စပ်ဒေသ လူဝင်မှုစစ်ဆေးရေး ကွပ်ကဲမှုဌာနချုပ်ရှိ နေမျိုးခန်းမသို့ ရောက်ရှိပြီး တပ်ဖွဲ့ဝင်များနှင့် မိသားစုများအား တွေ့ဆုံ၍ ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထား၍ နိုင်ငံတော်မှ ပေးအပ်သည့် တာဝန်များကို အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်ကြရေး၊ နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို ဒေသခံပြည်သူများနှင့်အတူ ပူးပေါင်းဆောင် ရွက်ကြရေး၊ မိသားစုဝင်ငွေ တိုးတက်ရေးအတွက် စိုက်ပျိုး မွေးမြူရေးလုပ်ငန်းများကို တစ်ပိုင်တစ်နိုင် ဆောင်ရွက်ကြရေးတို့နှင့် စပ်လျဉ်း၍ အမှာစကားပြောကြားသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်မှူးချုပ် မောင်ရှိန်က တပ်ဖွဲ့ဝင်များအား ဥပဒေ၊ စည်းမျဉ်း စည်းကမ်းများနှင့်အညီ တာဝန်သိသိ ဆောင်ရွက်ကြရေးတို့ကို ဆွေးနွေးမှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် မောင်တောမြို့၌ ညအိပ်ရပ်နားကြသည်။

(သတင်းစဉ်)

ရဲချုပ်ဒိုင်းစစ်တုရင်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် ဇွန် ၁၆

မြန်မာနိုင်ငံရဲတပ်ဖွဲ့ ၂၀၀၆ခုနှစ် (၁၆)ကြိမ်မြောက် ရဲချုပ်ဒိုင်း စစ်တုရင်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့မွန်းတည့် ၁၂နာရီတွင် ရန်ကုန်တိုင်း ရဲတပ်ဖွဲ့မှူးရုံး၊ အစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ရဲချုပ်ကိုယ်စား ရဲတပ်ရင်းများ ကွပ်ကဲမှုအဖွဲ့မှူး ရဲမှူးချုပ် သန်းဟန်တက်ရောက်၍ ဆုများပေးအပ်ချီးမြှင့်သည်။ **(အောက်ပုံ)**

အခမ်းအနားတွင် အသင်းလိုက် တတိယဆုရရှိသည့် စည်ပင်သာယာ ရဲတပ်ဖွဲ့ (ရန်ကုန်)အသင်း၊ ဒုတိယဆုရရှိသည့် ပဲခူးတိုင်း(အရှေ့ပိုင်း) ရဲတပ်ဖွဲ့အသင်း၊ ပထမဆုရရှိသည့် ရန်ကုန်တိုင်း ရဲတပ်ဖွဲ့အသင်းနှင့် ငါးနှစ်ဆက်တိုက် ပထမဆုရရှိသည့် ရန်ကုန်တိုင်း ရဲတပ်ဖွဲ့ အသင်းတို့အား ရဲတပ်ရင်းများ ကွပ်ကဲမှုအဖွဲ့မှူး၊ ရဲမှူးချုပ်သန်းဟန်က ဆုများပေးအပ်ချီးမြှင့်သည်။ (သတင်းစဉ်)

အင်တာနက် ကျန်းမာရေးသတင်း

သားအိမ်ခေါင်းကင်ဆာ ကာကွယ်ဆေး ဈေးကွက်တင်မည်

ဝါရှင်တန် ဇွန် ၁၆

သားအိမ်ခေါင်းကင်ဆာ ကာကွယ်ဆေးတစ်မျိုးကို အောင်မြင်စွာ ဖော်ထုတ်နိုင်ခဲ့ပြီဖြစ်သည်။ ဂါဒါဆေးလ်ခေါ် သားအိမ်ခေါင်းကင်ဆာကာကွယ်ဆေးကို အမေရိကန် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဌာန(အက်ဖ်ဒီအေ) ကအတည်ပြုပေးခဲ့ပြီးဖြစ်သည်။ အဆိုပါသုတေသနပြု တွေ့ရှိချက်မှာ သိပ္ပံပညာရှင်များ၊ သမားတော်များ၊ တောင်သူများနှင့် တိရစ္ဆာန်ဆေးကုဆရာဝန်များ၏ ကျေးဇူးကြောင့် အောင်မြင်ခဲ့ရသည်။

ရှိချက်စတာတက္ကသိုလ်မှ ဗိုင်းရပ်ပညာရှင်များဖြစ်ကြသည့် ဝီလီယံဘွန်နက်ဇ်၊ ရစ်ချတ်ရေးမင်းနှင့် ရော့ဘတ်ရို့စ်တို့ သုံးဦး၏ သုတေသနပြုချက်သည် သားအိမ်ခေါင်းကင်ဆာ ကာကွယ်ဆေးထုတ်လုပ်ရေးကို အထောက်အကူပြုခဲ့သည်။

ရှိချက်စတာတက္ကသိုလ်သည် ကြွက်နို့(အသားမာ)သို့မဟုတ်သားအိမ်ခေါင်းကင်ဆာ ဖြစ်ပွားစေနိုင်သည့် HPV ဗိုင်းရပ်စ်နှင့် ပတ်သက်၍ ကြိုတင်ကာကွယ်ဆေးစမ်းသပ်ရာတွင် အောင်မြင်လျက်ရှိသည်။

သားအိမ်ခေါင်းကင်ဆာဆေးကို သုံးကြိမ်ထိုးနှံရမည်ဖြစ်ပြီး တစ်ကြိမ်နှင့်တစ်ကြိမ် လအနည်းငယ်စီခြားရမည်ဖြစ်သည်။ သားအိမ်ခေါင်းကင်ဆာ ကာကွယ်ဆေးကို မားခ်ဆေးဝါးထုတ်လုပ်ရေးကုမ္ပဏီကြီးက ဈေးကွက်တင်မည်ဖြစ်သည်။ အင်တာနက်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် ပွင့်ဖြူမြို့နယ် ကြီးအုံ–ကြီး၀ ရေလှောင်တမံ ဘက်စုံစီမံကိန်းတွင် စက်ယန္တရားများဖြင့် ပင်မတမံ မြေဖို့နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

❀ ကာကွယ်ရေးဝန်ကြီးဌာနမှ

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ပုသိမ်–မုံရွာလမ်း၏ ပွင့်ဖြူမြို့နယ်ရှိ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း လမ်းအထူးအဖွဲ့(၃)က တာဝန်ယူတည်ဆောက်နေသော မုန်းချောင်းတံတားတည်ဆောက်ရေးစီမံကိန်းလုပ်ငန်းခွင်သို့ ရောက်ရှိကြရာ ရေးဦးစွာ အင်ဂျင်နီယာမှူးကြီး ဦးဘစောက တံတားတည်ဆောက်မှု၊ ချဉ်းကပ်လမ်းဆောင်ရွက်နေမှုနှင့် ဆောက်လုပ်ရေးပစ္စည်းများရရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် လုပ်ငန်းခွင်ကို လှည့်လည်ကြည့်ရှု စစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

အဆိုပါ တံတားသည် ပင်မတံတားအရှည် ပေ ၄၀၀၊ ချဉ်းကပ်တံတားအရှည် ပေ ၅၄၀ စုစုပေါင်း ပေ ၉၄၀ ရှိပြီး တံတားအကျယ်မှာ ပင်မတံတား ၁၄ ပေ ခြောက်လက်မ၊ ချဉ်းကပ် တံတားပေ ၂၀၊ သံမဏိသံပေါင်ကြိုးတံတားဖြစ်၍ တံတားခံနိုင်ဝန်မှာ တန် ၆၀ ဖြစ်ကြောင်း သိရှိရသည်။

လိုအပ်သည်များမှာကြား

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ပွင့်ဖြူမြို့နယ် ဝန်လိုကျေးရွာအနီး မုန်းချောင်းပေါ်၌ တည်ဆောက်လျက်ရှိသည့် ကြီးအုံ–ကြီး၀ ရေလှောင်တမံ ဘက်စုံစီမံကိန်းသို့ သွားရောက်ပြီး စက်ယန္တရားများဖြင့် ပင်မတမံမြေဖို့နေမှုနှင့် ရေပိုလွှဲလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များအား စီမံကိန်းရှင်းလင်းဆောင်၌ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၃)မှ ညွှန်ကြားရေးမှူး ဦးထွန်းအောင်လွင်က ကြီးအုံ–ကြီး၀ ရေလှောင်တမံ ဘက်စုံစီမံကိန်း၏ ပင်မတမံ၊ ရေပိုလွှဲ၊ ရေထုတ်ပြွန်နှင့် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊ ပစ္စည်းများရရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကို ဖြည့်စွက်မှာကြားသည်။

အဆိုပါ ရေလှောင်တမံသည် ဇုန်တမံအမျိုးအစားဖြစ်ပြီး တမံအမြင့်မှာ ၁၆၄ ပေ၊ အလျားမှာပေ ၃၂၈၀ ရှိ၍ ကန်ရေပြည့် ရေလှောင်ပမာဏမှာ ဧကပေ ၄၆၃၀၀၀ ဖြစ်သည်။ နှစ်စဉ်ထုတ်လုပ်မည့် လျှပ်စစ်စွမ်းအားပမာဏမှာ နာရီသန်းပေါင်း ၃၃၀ ကီလိုဝပ်ဖြစ်ပြီး ဆည်ရေပေးနိုင်မည့် ဧရိယာမှာ ၉၆၇၇၇ ဧကဖြစ်ကြောင်း သိရှိရသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် မင်းဘူး–ပဒါန်း–အမ်း ကားလမ်း၏ မိုင်တိုင်အမှတ် (၅/၃)၌ စိုက်ပျိုးထားသည့် မင်းဘူးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ခြစည်းရိုးကြက်ဆူပင် ငါးဧက စိုက်ပျိုးကွင်းသို့လည်းကောင်း၊ မိုင်တိုင်အမှတ် (၂/၀)ရှိ ခရိုင်သစ်တော ဦးစီးဌာန၏ ခြစည်းရိုးကြက်ဆူပင်ငါးဧကစိုက်ခင်းသို့လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် မကွေးတိုင်း အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းစုချုပ်လီမိတက်၏ တန် ၃၀ ကျ ဆီစက်သို့ ရောက်ရှိရာ စက်ရုံမှူး ဦးသန်းဝင်းက စက်လည်ပတ်မှု အခြေအနေ၊ စက်ပြုပြင်နေမှု အခြေအနေ၊ ကုန်ကြမ်းရရှိမှုနှင့် ကုန်ထုတ်လုပ်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က တန် ၃၀ ကျ ဆီစက်အတွင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြား၍ မကွေးမြို့၌ ညအိပ်ရပ်နားသည်။ (သတင်းစဉ်)

ဝန်ကြီး ဗိုလ်မှူးချုပ် သိန်းအောင် သစ်ထုတ်လုပ်သည့် ကုမ္ပဏီများမှ တာဝန်ရှိသူများအား တွေ့ဆုံမှာကြား

ရန်ကုန် ဇွန် ၁၆

သစ်တောရေးရာ ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သိန်းအောင်သည် ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ အလုံမြို့နယ်ရှိ မြန်မာ့သစ်လုပ်ငန်း(ရုံးချုပ်) တင်ဒါခန်းမ၌ သစ်ထုတ်လုပ်သည့် ကုမ္ပဏီများမှ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ အမှာစကား ပြောကြားသည်။

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် သစ်ထုတ်လုပ်သည့် ကုမ္ပဏီများမှ တာဝန်ရှိသူများအား အမှာစကား ပြောကြားစဉ်။ (သစ်တောရေးရာ)

တက်ရောက်

အဆိုပါ တွေ့ဆုံပွဲသို့ မြန်မာ့သစ်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဝင်းထွန်း၊ သစ်တောဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအေးမြင့်မောင်နှင့် တာဝန်ရှိသူများ၊ သစ်ထုတ်ကုမ္ပဏီများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ပြန်လည်သုံးသပ်

ရေးဦးစွာ ဝန်ကြီးက အမှာစကားပြောကြားရာ၌ ပြီးခဲ့သည့် သစ်ထုတ်ရာသီအတွင်း လုပ်ငန်းဆောင်ရွက်ရာတွင် အားသာချက်များကို ပြန်လည်သုံးသပ်ပြီး လာမည့်လုပ်ငန်းရာသီတွင် အဆင်ပြေချောမွေ့စွာ ဆောင်ရွက်သွားနိုင်အောင် စီမံဆောင်ရွက်ပေးရေး၊ သစ်ထုတ်ရာတွင် သဘာဝဝန်းကျင် ပျက်စီးမှုမရှိစေရေးအတွက် ဆောင်ရွက်ရေး၊ တရားမဝင် သစ်ထုတ်မှုများ မပြုလုပ်ရေးနှင့် လာဘ်ပေးလာဘ်ယူမှုများ မပြုလုပ်ရေးတို့ကို ပြောကြားသည်။

ဖြည့်ဆည်းဆောင်ရွက်ပေး

ထို့နောက် တက်ရောက်လာသော ကုမ္ပဏီများမှ တာဝန်ရှိသူများက လုပ်ငန်းဆိုင်ရာများကို တင်ပြကြရာ ဝန်ကြီးက လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။ (သတင်းစဉ်)

မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဆယ်အိမ်စုမှူးဆရာဖြစ်သင်တန်း ဖွင့်ပွဲကျင်းပ

ရန်ကုန် ဇွန် ၁၆

ရန်ကုန်အရှေ့ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ကကြီးမှူး၍ သဃ်န်းကျွန်းမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းမှ ဖွင့်လှစ်သော ဆယ်အိမ်စုမှူးဆရာဖြစ်သင်တန်း ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၁ နာရီက သဃ်န်းကျွန်းမြို့နယ်ခန်းမ၌ ကျင်းပရာ ရှေးဦးစွာ ခရိုင် မိခင်နှင့်ကလေးစောင့်ရှောက် ရေးကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်နန်းရွှေယဉ်က သင်တန်းအဖွင့် အမှာစကား ပြောကြားသည်။

ယင်းနောက် ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌထံ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ချိုမာသိန်းက ရာသက်ပန်အဆိုပြုလွှာ အစောင် ၂၀၀ အား ပေးအပ်သည်။ **(အောက်ပုံ)**

ထို့နောက် ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး ဒေါ်လဲ့လဲ့ဆွေက သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ အဆိုပါ သင်တန်းသို့ သင်တန်းသူ ၁၀၂ ဦး တက်ရောက်သည်။ (၅၀၆)

၂၀၀၆ ခုနှစ်၊ ဇူလိုင်လ (၁) ရက်
မြန်မာအမျိုးသမီးများနေ့

အမျိုးသမီးအင်အား နိုင်ငံ့အား
စွမ်းပကားဂုဏ်ဆောင် တို့ပြည်ထောင်

*** နိုင်ငံတော်မှ**

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် လားရှိုး–သိန်းနီ–မူဆယ်လမ်း အတိုင်း မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာကြပြီး ကွတ်ခိုင်မြို့သို့ ရောက်ရှိကြရာ ရှမ်းပြည်နယ် (မြောက်ပိုင်း) အထူးဒေသ (၅)မှ ကချင်တိုင်းရင်းသားအဖွဲ့ခေါင်းဆောင် ဦးမထုနော်နှင့် အဖွဲ့ဝင်များက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ဆက်လက် ထွက်ခွာကြပြီး မူဆယ်မြို့နယ် မော်ကောင်းကျေးရွာ၌ ကျင်းပသော မူဆယ်မြို့နယ် ခြံစည်းရိုးကြက်ဆူစံပြဧက ၁၀၀ စိုက်ပျိုးပွဲ အခမ်းအနားသို့ တက်ရောက်အားပေးပြီး အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

စမ်းသပ်ဒေသ

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာကြရာ မူဆယ်မြို့ အနီးရှိ ၁၀၅မိုင် နယ်စပ်ကုန်သွယ်ရေးနှင့် စစ်ဆေးရေးစခန်းသို့ ရောက်ရှိကြရာ သွင်းကုန်ဌာန အစည်းအဝေးခန်းမ၌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန နယ်စပ်ကုန်သွယ်ရေးဦးစီးဌာန၊ နယ်စပ်ကုန်သွယ်ရေး ညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဒုတိယဗိုလ်မှူးကြီး ရန်နိုင်ထွန်းက မူဆယ်ဒေသကို စနစ်သစ်ပုံမှန် ကုန်သွယ်ရေးစမ်းသပ်ဒေသအဖြစ် သတ်မှတ်ဆောင်ရွက်နေမှုအခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး တိုင်းမှူး ဗိုလ်မှူးချုပ် အောင်သန်းထွဋ်က ဖြည့်စွက် ရှင်းလင်းတင်ပြသည်။

ထို့နောက် ဌာနအလိုက် တာဝန်ခံများက သက်ဆိုင်ရာကဏ္ဍအလိုက် နယ်စပ်ကုန်သွယ်ရေး ဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းက တင်ပြချက်များအပေါ် ပြန်လည် ဆွေးနွေးမေးမြန်းပြီး နိုင်ငံတော်က ရသင့်ရထိုက်သော အခွန်အရပ်ရပ်ကို မှန်မှန်ကန်ကန် ရရှိအောင် ဆောင်ရွက်ရေး၊ ကုန်စည်စီးဆင်းမှု မြန်ဆန်ရေးကို ဝတ်ကျေတန်းကျေမဟုတ်ဘဲ စေတနာထားပြီး ဆောင်ရွက်ရေး၊ မသမာမှု ပပျောက်ရေးနှင့် နိုင်ငံ့ဝန်ထမ်းများပီပီ နိုင်ငံတော်အပေါ် သစ္စာရှိပြီး အကြံကောင်း၊ ဉာဏ်ကောင်းထုတ်ကာ လုပ်ငန်းတာဝန်များကို အမျိုးသားရေး အမြင်ဖြင့် ဆောင်ရွက်ကြရေးတို့ကို မှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းသည် ပို့ကုန်ပစ္စည်းစစ်ဆေးရေးဌာနနှင့် သွင်းကုန်စစ်ဆေးရေးစခန်းတို့၏ လုပ်ငန်းဆောင်ရွက်မှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မူဆယ်မြို့ စက်မှုကျေးရွာသို့ သွားရောက်၍ နဂါးမင်းကြက်ဆူဆီကြိတ်စက်ရုံကို ကြည့်ရှုစစ်ဆေးကြရာ မူဆယ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးစိုးဝင်းက မူဆယ်မြို့နယ်၏ ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးပြီးစီးမှု၊ ဒေသမှ ထွက်ရှိလာမည့် ခြံစည်းရိုးကြက်ဆူဖြင့် ဘိုင်အိုဒီဇယ် ထုတ်လုပ်နိုင်သည့် ဆီကြိတ်စက်ရုံကို ပုဂ္ဂလိကပိုင်းမှ စတင်တည်ဆောက်ခဲ့မှု၊ ဆီကြိတ်စက်ရုံ၏ လုပ်ငန်းဆောင်ရွက်မည့် အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းက စက်ရုံတာဝန်ခံ ဦးမောင်မောင်အား စက်ရုံနှင့် စပ်လျဉ်း၍ မေးမြန်းဆွေးနွေးပြီး စက်ရုံအတွက် ကုန်ကြမ်းဖြစ်သည့် ခြံစည်းရိုးကြက်ဆူကို ဒေသတွင်း၌ပင် ဖူလုံစွာ ရရှိနိုင်တော့မည်ဖြစ်ပြီး မိမိအကျိုးစီးပွားနှင့် ဒေသ၏ အကျိုးစီးပွား၊ နိုင်ငံတော်၏ အကျိုးစီးပွား တိုးတက်ဖြစ်ထွန်းနိုင်သောလုပ်ငန်းဖြစ်၍ ပိုမိုတိုးတက်အောင် ကြံဆောင်လုပ်ကိုင်သွားရန် မှာကြားသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း မူဆယ်မြို့ စက်မှုကျေးရွာရှိ နဂါးမင်း ကြက်ဆူဆီကြိတ်စက်ရုံတွင်ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းသည် ခြံစည်းရိုးကြက်ဆူဖြင့် ဘိုင်အိုဒီဇယ် ထုတ်လုပ်မှု လုပ်ငန်းအဆင့်ဆင့်ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မူဆယ်မြို့ရှိ မြန်မာ–တရုတ် နယ်စပ် မန်ဝိန်းကင်းစခန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းသည်မူဆယ်မြို့ ရွှေလီရတနာခန်းမ၌ ရွှေလီရေအားလျှပ်စစ်စီမံကိန်းနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးသည်။

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲသို့ တိုင်းမှူး ဗိုလ်မှူးချုပ်အောင်သန်းထွဋ်နှင့် တပ်မတော်အရာရှိကြီးများ၊ ရေအားလျှပ်စစ်ဦးစီးဌာန အမှတ်(၇) တည်ဆောက်ရေးမှ လက်ထောက်ညွှန်ကြားရေးမှူးဦးနေလင်းနှင့် တာဝန်ရှိသူများ၊ အေးရှားဝေါလ်ဆောက်လုပ်ရေးကုမ္ပဏီမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ YMEC ကုမ္ပဏီမှ စီမံကိန်းမန်နေဂျာ Mr. Tanujiနှင့်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ရှင်းလင်းတင်ပြ

ရေးဦးစွာ ရေအားလျှပ်စစ်ဦးစီးဌာနအမှတ်(၇) တည်ဆောက်ရေးမှ လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ) ဦးနေလင်းက ရွှေလီရေအားလျှပ်စစ်စီမံကိန်းနှင့် ပတ်သက်သည်များကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များ အပေါ် ဒုတိယ ဗိုလ်ချုပ်ကြီးကျော်ဝင်းက ဆွေးနွေးမေးမြန်းပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းပေးကာ စီမံကိန်းကိုသတ်မှတ်ကာလအမီ ပြီးစီးရေးနှင့် သတ်မှတ်ထားသော လျှပ်စစ်ဓာတ်အား အပြည့်အဝရရှိရေးတို့ကို မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းသည်တရုတ်ပြည်သူ့သမ္မတနိုင်ငံ YMEC ကုမ္ပဏီမှ စီမံကိန်းမန်နေဂျာ Mr. Tanuji အား သစ်သီးခြင်း လက်ဆောင် ပေးအပ်သည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်မှူးချုပ် အောင်သန်းထွဋ်က Asia World Co., မှ ဦးလှမြင့်အား သစ်သီးခြင်း လက်ဆောင်ပေးအပ်သည်။

တည်ဆောက်လျက်ရှိ

ရွှေလီရေအားလျှပ်စစ်စီမံကိန်းကို ရှမ်းပြည်နယ် (မြောက်ပိုင်း) နမ့်ခမ်းမြို့အနောက်တောင်ဘက် ၁၇မိုင်အကွာ မန်တက်ကျေးရွာအနီး၌ တည်ဆောက်လျက်ရှိပြီး ရွှေလီမြစ်ပေါ်၌ အလျား ၅၃၁ပေ အမြင့် ၁၅၄ပေရှိ ကွန်ကရစ်ရေထိန်းတမံ တည်ဆောက်လျက် အရှည် ၃ ဒသမ ၂ မိုင်ရှိ ရေသွယ်ဥမင်လိုဏ်မှ တစ်ဆင့် ရေကိုသွယ်ယူကာ တပ်ဆင်စက်အင်အား ၁၀၀ မဂ္ဂါဝပ်ရှိ ဒေါင်လိုက် ဖရန်စစ်တာဘိုင်စက်လေးလုံးဖြင့် လျှပ်စစ်ဓာတ်အား နှစ်စဉ်ကီလိုဝပ် နာရီသန်းပေါင်း ၃၀၂၂ ထုတ်လုပ်၍ ဓာတ်အားကွန်ရက်စနစ်သို့ သွယ်တန်းဖြန့်ဖြူးသွားရန် ဖြစ်သည်။

အဆိုပါ စီမံကိန်းကို အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်ဦးစီးဌာနနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ Yunan Machinery and Equipment Import and Export Coporation(YMEC) တို့ ပူးပေါင်း အကောင်အထည်ဖော်ဆောင်ရွက်သွားကြမည်ဖြစ်သည်။

အဆိုပါ ရွှေလီရေအားလျှပ်စစ်စီမံကိန်းသည် နောင်တွင် လျှပ်စစ်ဓာတ်အား ပိုမိုတိုးတက်ရရှိအောင် ဆက်လက် တိုးမြှင့်ထုတ်လုပ်သွားနိုင်မည့် အလားအလာရှိသည်။

(သတင်းစဉ်)

ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲသတင်းများ

အင်္ဂလန်အသင်းက ထရီနီဒက်အသင်းကို အနိုင်ရ

နျူရင်ဘတ်(ဂျာမနီ) ဇွန် ၁၆

ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ အုပ်စု(ခ)မှ အင်္ဂလန်အသင်းနှင့် ထရီနီဒက်နှင့် တိုဘာဂိုအသင်းတို့ ဂျာမနီနိုင်ငံ နျူရင်ဘတ်မြို့တွင် ဇွန် ၁၅ရက်ကယှဉ်ပြိုင်ကစားကြရာ အင်္ဂလန်အသင်းက ထရီနီဒက်အသင်းကို နှစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိသည်။

အင်္ဂလန်အသင်းအတွက် ပွဲချိန် ၈၃မိနစ်တွင် ပီတာခရပ်ချ်ကလည်းကောင်း၊ ပွဲချိန်မိနစ် ၉၀တွင် စတီဗင်ဂျရတ်ကလည်းကောင်း အသီးသီးဂိုးသွင်းပေးခဲ့ကြသည်။ ***အင်တာနက်။***

အင်္ဂလန်အသင်းမှ ပီတာခရပ်ချ် အဖွင့်ဂိုးသွင်းယူစဉ်။
(ဓာတ်ပုံ–အင်တာနက်)

အာဂျင်တီးနားက ဆာဘီးယားကို ဂိုးပြတ်အနိုင်ရ

ဂယ်ဆန်ကာချန်(ဂျာမနီ) ဇွန် ၁၆

ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ အုပ်စု(ဂ)မှ အာဂျင်တီးနားအသင်းနှင့် ဆာဘီးယားနှင့် မွန်တီနီဂရိုးအသင်းတို့ ဂျာမနီနိုင်ငံ ဂယ်ဆန်ကာချန်မြို့တွင် ဇွန် ၁၆ရက်က ယှဉ်ပြိုင်ကစားကြရာ အာဂျင်တီးနားအသင်းက ဆာဘီးယားအသင်းကို ခြောက်ဂိုး–ဂိုးမရှိဖြင့် ဂိုးပြတ်အနိုင်ရရှိသည်။

အင်တာနက်။

SSA-S (ရှက်ဆစ်) အကြမ်းဖက်သောင်းကျန်းသူအဖွဲ့နှင့် ၎င်းတို့၏အမာခံများက အပြစ်မဲ့ပြည်သူများအား အကြောင်းမဲ့သတ်ဖြတ် ကျေးရွာသားများအား အတင်းအဓမ္မလူသစ်စုဆောင်းလျက်ရှိ

ရန်ကုန် ဇွန် ၁၆

မန္တလေးတိုင်း ပျော်ဘွယ်မြို့နယ် ကြို့ကုန်းကျေးရွာနေ မသင်းခိုင်(၂၃) နှစ် (ဘ)ဦးပိုင်ကြီးနှင့် မချောစု(၁၇)နှစ် (ဘ)ဦးဘိုဝင်းတို့နှစ်ဦးသည် မေ ၂၀ ရက်က သီပေါမြို့နယ် မန်ကျောင်းကျေးရွာသို့ ဆံပင်များ သွားရောက်ဝယ်ယူရာမှ ပျောက်ဆုံးလျက်ရှိနေကြောင်းနှင့် ၎င်းကျေးရွာနေ မောင်ဌေးဝင်း(၂၇)နှစ် (ဘ)ဦးကျော်အေး၊ မသူဇာဝင်း (၂၇)နှစ်(ဘ)ဦးစံလောင်း၊ မဝါဝါရွှေ(၂၅)နှစ် (ဘ)ဦးစံလောင်းနှင့် မအေးအေးသင်း (၂၀)နှစ် (ဘ)ဦးစံလောင်းတို့သည်ရှမ်းပြည်နယ် (မြောက်ပိုင်း)နှင့် ရှမ်းပြည်နယ် (တောင်ပိုင်း)ရှိ ကျေးရွာများသို့ ဆံပင်များ လိုက်လံဝယ်ယူစဉ် ပျောက်ဆုံးလျက်ရှိနေကြောင်း တစ်ရွာတည်းနေ ဒေါ်အေးစန်း(၃၆)နှစ် (ဘ)ဦးပွကြီးက ဇွန်၁၂ရက်တွင် သီပေါမြို့နယ် နမ့်လန်ရဲစခန်းသို့ လာရောက်၍ တိုင်တန်းခဲ့သည်။ အဆိုပါလူပျောက်မှုနှင့် ပတ်သက်၍ နမ့်လန်ရဲစခန်းမှူးနှင့်အဖွဲ့က နယ်မြေခံတပ်နှင့်အတူ ဇွန်၁၅ရက်တွင် မန်ကျောင်းရွာသို့ သွားရောက် စုံစမ်းဖော်ထုတ်ခဲ့ရာ မသင်းခိုင်နှင့် မချောစုတို့အား သတ်ဖြတ်ရာတွင် ပါဝင်ကျူးလွန်ခဲ့သောင်းကျေးရွာနေ အိုက်ပန်(၂၅)နှစ် (ဘ) ဦးအုန်းသန်း၊ ဦးစိန်လု(၃၅)နှစ် (ဘ)ဦးစံဝိ၊ အိုက်လျန်(၂၀)နှစ် (ဘ)ဦးစောအောင်နှင့် အိုက်လိတ်(ဘ) အမည်စိစစ်ဆဲတို့အား ဖမ်းဆီးရမိခဲ့သည်။ ၎င်းတို့ ထွက်ဆိုချက်အရ မေ၂၈ရက်တွင် SSA-S (ရှက်ဆစ်) အကြမ်းဖက်သောင်းကျန်းသူအဖွဲ့မှ စိုင်းခေါင်နှင့် မန်ကျောင်း ကျေးရွာနေ အိုက်ပန်နှင့်စိန်လုတို့ သုံးဦးသည် မန်ကျောင်းရွာသို့ ဆံပင်များလာရောက်ဝယ်ယူသူ မသင်းခိုင်နှင့် မချောစုတို့နှစ်ဦးအား တပ်မတော်သတင်းပေးဟုဆိုကာ ဖမ်းဆီးကြိုးတုပ်၍ ရွာအရှေ့တောင်ဘက်တစ်မိုင်ခန့် အကွာရှိ အိုက်လျန်၏ တောင်ယာတဲသို့ ခေါ်ဆောင်သတ်ဖြတ်ပြီး အလောင်းများအား နမ့်ကချောင်းဘေးတွင် မြှုပ်နှံခဲ့ကြောင်း ဖော်ထုတ်ရရှိခဲ့သည်။

အလားတူ မသင်းခိုင်နှင့် မချောစုတို့ မပျောက်ဆုံးမီ တစ်လခန့်က ပျော်ဘွယ်မြို့နယ် ကြို့ကုန်းကျေးရွာမှ မောင်ဌေးဝင်း၊ မသူဇာဝင်း၊ မဝါဝါရွှေနှင့် မအေးအေးသင်းတို့ လေးဦး ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)ရှိ ကျေးရွာများသို့ ဆံပင်များ လိုက်လံဝယ်ယူစဉ် ပျောက်ဆုံးလျက်ရှိနေမှုနှင့် ပတ်သက်၍ သက်ဆိုင်ရာက ဆက်လက်စုံစမ်းဖော်ထုတ်လျက်ရှိသည်။

SSA-S (ရှက်ဆစ်) အကြမ်းဖက်သောင်းကျန်းသူအဖွဲ့သည် တပ်မတော်မှ အကြောင်းအမျိုးမျိုးကြောင့် ခွင့်မဲ့ပျက်ကွက်ထွက်ပြေးသူတပ်မတော်သားအချို့အား ၎င်းတို့အဖွဲ့အတွင်း ဝင်ရောက်လာပါက လက်နက်နှင့်ပစ္စည်းများကို သိမ်းယူ၍ ၎င်းတို့အား မယုံကြည်ရသူများဖြစ်သည်ဟုပြောဆိုကာ ညှဉ်းပန်းနှိပ်စက်ပြီး နှင်ထုတ်လျက်ရှိကြောင်းသိရသည်။

ထို့အပြင် SSA-S (ရှက်ဆစ်) သောင်းကျန်းသူအဖွဲ့သည် နမ့်ဆန်မြို့နယ် အတွင်းရှိ ကျေးရွာများတွင် အသက်(၃၀)အောက်ရှိ အမျိုးသားများနှင့် အမျိုးသမီးများအား လူသစ်အဖြစ် အတင်းအဓမ္မ စုဆောင်းလျက်ရှိသဖြင့် ရွာသူရွာသားများက အထူးစိုးရိမ်ပူပန်လျက်ရှိသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၇–၆–၂၀၀၆ (စနေနေ့)
(၁၃၆၈ခုနှစ်၊ နယုန်လပြည့်ကျော် ၇ရက်)
(အဖိတ်နေ့)

နံနက်ပိုင်း

၇:၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇:၅၅ ၅။ အတီးပြိုင်ပွဲ
၈:၀၅ ၆။ ဂမုန်းရေလှောင်တမံ
၈:၂၀ ၇။ အဆိုပြိုင်ပွဲ
၈:၃၀ ၈။ International News.
၈:၄၅ ၉။ Grammar Made Easy.
၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁:၀၀ ၁။ စစ်သည်တေး
၁၁:၁၅ ၂။ တေးဂီတအစီအစဉ်
၁၁:၃၀ ၃။ ပြည်တွင်းသတင်း
၁၁:၄၅ ၄။ ချစ်စရာ့အရွယ်ကစားကြမယ်
၁၂:၀၅ ၅။ တစ်ပတ်အတွင်း ရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
၁၂:၂၀ ၆။ နိုင်ငံခြားကာတွန်း ဇာတ်လမ်းတွဲ "Doraemon"
၁၂:၃၅ ၇။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ဆည်းဆာ" (အပိုင်း–၃)**
၁:၁၀ ၈။ ကြားမြင်သုတ ပြည့်ဝစေရာ စာပဒေသာ
၁:၂၀ ၉။ **"ကျေးဇူးတင်ပါတယ် ဒီအိုတီအက်စ်" (လွင်မိုး၊ထွန်းထွန်းဝင်း၊ အိန္ဒြာကျော်ဇင်၊ခင်သန်းနွယ်) (ဒါရိုက်တာ–စိုးကျော်ဆန်း)**
၁:၄၀ ၁၀။ အဆိုပြိုင်ပွဲ
၁:၅၀ ၁၁။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၂:၀၅ ၁၂။ ဆင်ဖြူရှင်တံတား
၂:၁၀ ၁၃။ အတီးပြိုင်ပွဲ
၂:၂၀ ၁၄။ **"အန္တရာယ်ဆိုတာ လက်တစ်ကမ်းမှာ" (စိုးသူ၊ နန်းကလျာလှိုင်) (ဒါရိုက်တာ–စောစန္ဒာလှိုင်)**
၂:၃၀ ၁၅။ ပေါင်းလောင်းရေလှောင်တမံနှင့် လျှပ်စစ်ဓာတ်အားပေးစက်ရုံ
၂:၄၅ ၁၆။ International News.
၃:၀၀ ၁၇။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄:၃၀ ၃။ English for Everyday Use.
၄:၄၀ ၄။ တေးဂီတအစီအစဉ်
၄:၅၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ – တတိယနှစ် (သတ္တဗေဒအထူးပြု) (သတ္တဗေဒ)
၅:၀၅ ၆။ တေးဂီတအစီအစဉ်
၅:၂၀ ၇။ အတီးပြိုင်ပွဲ
၅:၃၅ ၈။ ချစ်စရာ့အရွယ်ကစားကြမယ်
၆:၀၀ ၉။ ညနေခင်းသတင်း
၆:၃၀ ၁၀။ မိုးလေဝသအခြေအနေ
၆:၃၅ ၁၁။ Discovery
၆:၅၀ ၁၂။ စိုက်ကြမျိုးများ နွေစပါးဝမ်းစာဖြိုးဝေ သိန်းနီမြေ(အပိုင်း–၂)
၇:၀၀ ၁၃။ ဖွံ့ဖြိုးတိုးတက်ဝေဆာ ပဲခူးတိုင်းအရှေ့မှာ
၇:၁၀ ၁၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ဖြူစင်မေတ္တာ"(အပိုင်း–၅)**
၈:၀၀ ၁၅။ ပြည်တွင်းသတင်း
၁၆။ နိုင်ငံတကာသတင်းများ
၁၇။ မိုးလေဝသအခြေအနေ
၁၈။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်မိပြီဆိုရင်"(အပိုင်း–၅၃)**
၁၉။ နောက်တစ်နေ့အစီအစဉ်
၂၀။ အစီအစဉ်ပြီး၏။

စာရင်းစစ်ဆေးရေးအပိုင်းသာမက လုပ်ငန်းစစ်ဆေးခြင်းပါ အလေးပေး ဥပဒေ၊ စည်းမျဉ်း၊ ညွှန်ကြားချက်များ လိုက်နာခြင်း ရှိ၊ မရှိ စစ်ဆေးဖော်ထုတ်

နေပြည်တော် ဇွန် ၁၆

စာရင်းစစ်ချုပ်ရုံး လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ စာရင်းစစ်ချုပ်ရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်၊ ဒုတိယစာရင်းစစ်ချုပ် ဒေါ်သင်းသင်း၊ ညွှန်ကြားရေးမှူးချုပ် ဦးမျိုးမြင့်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်(စီမံ) ဒေါ်သန်းသန်းအေးနှင့် ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများ၊ ပြည်နယ်/တိုင်း စာရင်းစစ်အရာရှိများ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်က စာရင်းစစ်များ အနေဖြင့် စစ်ဆေးရေး လုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ထိထိရောက်ရောက် စစ်ဆေးဆောင်ရွက်ရေး၊ စာရင်းစစ်ဆေးရေးအပိုင်းသာမက လုပ်ငန်းစစ်ဆေးခြင်းကိုပါ အလေးပေး ဆောင်ရွက်ရေး၊ လုပ်ငန်း၊ ဌာန၊ အဖွဲ့အစည်းများက ဥပဒေ၊ စည်းမျဉ်း၊ ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်ခြင်း ရှိ၊မရှိတို့ကို တိတိကျကျ စစ်ဆေးဖော်ထုတ်အစီရင်ခံနိုင်ရေးတို့ကို မှာကြားပြီး ထူးချွန်ဝန်ထမ်းများအား ဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ဒုတိယစာရင်းစစ်ချုပ်က စာရင်းစစ်ချုပ်ရုံး ဝန်ထမ်းသားသမီးများ၏ ၂၀၀၆-၂၀၀၇ ပညာသင်နှစ်အတွက် ပညာသင်စရိတ် ထောက်ပံ့ငွေများကို ပေးအပ်သည်။

ထို့နောက် ပြည်နယ်၊ တိုင်း စာရင်းစစ် အရာရှိများက ပြည်နယ်၊ တိုင်းအလိုက် စစ်ဆေးခံ အဖွဲ့အစည်းအခြေအနေနှင့် စစ်ဆေးဆောင်ရွက်နိုင်မှု အခြေအနေ၊ အရေးကြီးသော စစ်ဆေးတွေ့ရှိချက်များနှင့် သက်ဆိုင်ရာ အဖွဲ့အစည်းက အရေးယူ ဆောင်ရွက်ပြီးစီးမှုအခြေအနေ၊ ဝန်ထမ်းအင်အား အခြေအနေ၊ ယခင် ဆွေးနွေးပွဲဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို တင်ပြဆွေးနွေးကြသည်။

ယင်းနောက် စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်က နိဂုံးချုပ် အမှာစကားပြောကြားပြီး ညနေပိုင်းတွင် လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲ ကျင်းပပြီးစီးသည်။ (သတင်းစဉ်)

အမှာစကားပြောကြား

စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင် စာရင်းစစ်ချုပ်ရုံး လုပ်ငန်းညှိနှိုင်း ဆွေးနွေးပွဲတွင် အမှာစကားပြောကြားစဉ်။
(သတင်းစဉ်)

အေးမြချမ်းသာ မဟာစည်သာသနာ့ရိပ်သာ ဝါဆိုသင်္ကန်းဆက်ကပ်ပွဲ

ရန်ကုန် ဇွန် ၁၆

ရန်ကုန်တိုင်း ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ် (၇)ရပ်ကွက် ကျန်စစ်သားလမ်းမကြီးရှိ အေးမြချမ်းသာ မဟာစည်သာသနာ့ရိပ်သာ၏ (၁၂)ကြိမ်မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲနှင့် ဆွမ်းစားကျောင်း ဆောက်လုပ်ရန် လှူဒါန်းပွဲကို ၁၃၆၈ ခုနှစ် ဝါဆိုလပြည့် (ဇူလိုင် ၉ ရက်)တွင် ပြုလုပ်မည်ဖြစ်ရာ ဝါဆိုသင်္ကန်းတစ်စုံလျှင် ကျပ် ၃၀၀၀ နှုန်း၊ထီးဖိနပ် ကျပ် ၁၀၀၀နှုန်း၊ ဆွမ်းကျပ် ၅၀၀ နှုန်းဖြင့် လည်းကောင်း၊ ဆွမ်းစားကျောင်း တည်ဆောက်ရန် ဘိလပ်မြေ တစ်အိတ်လျှင် ကျပ် ၅၂၀၀ နှုန်း၊ အုတ်တစ်ချပ်လျှင် ၄၅ကျပ် နှုန်းဖြင့်လည်းကောင်း ဖုန်း-၅၈၅၀၄၃ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းနှင့် ဝါတွင်း တရားစခန်းယောဂီများ ဝါဆိုလပြည့်နေ့မှစ၍ တရားစခန်းဝင်နိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

ဒုတိယစာရင်းစစ်ချုပ် ဒေါ်သင်းသင်း ပညာသင် ထောက်ပံ့ငွေများ ပေးအပ်စဉ်။ (သတင်းစဉ်)

ငါးလုပ်ငန်းဦးစီးဌာနက ရေကြောင်းသတိပေးချက်ထုတ်ပြန်

ရန်ကုန် ဇွန် ၁၆

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေ တူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများတွင် အကျိုးတူ ပူးပေါင်းဆောင်ရွက်လျက်ရှိသော PTTEPI ကုမ္ပဏီတို့သည် မုတ္တမကမ်းလွန် လုပ်ကွက်အမှတ်(M-9) ၌ ရေနံအစမ်းတွင်းများ တူးဖော်စမ်းသပ်ခြင်းလုပ်ငန်းများကို ရေနံတွင်းတူးစက် Doo Sungဖြင့် ဇွန် ၂၁ရက်မှ ၂၀၀၇ ခုနှစ် မတ် ၃၁ရက်အထိ ဆောင်ရွက်သွားမည်ဖြစ်သည်။

ရေနံအစမ်းတွင်းများ စမ်းသပ်တူးဖော်မည့် အစမ်းတွင်း တည်နေရာအလိုက် အချိန်ကာလများမှာ Zatila-1 အစမ်းတွင်း မြောက်လတ္တီတွဒ် ၁၄ဒီဂရီ ၂၄ မိနစ် ၂၂ဒသမ ၂၈၉စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၄ဒီဂရီ ၅၄မိနစ် ၄၉ဒသမ ၅၄၀စက္ကန့်တွင် ဇွန် ၂၁ရက်မှ ဇူလိုင် ၂၅ရက်အထိ လည်းကောင်း၊ Zatila-2 အစမ်းတွင်း မြောက်လတ္တီတွဒ် ၁၄ဒီဂရီ ၂၅မိနစ် ၂၈ဒသမ ၃၇၇စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၄ဒီဂရီ ၅၆မိနစ် ၃၄ ဒသမ ၇၇၆စက္ကန့်တွင် ဇူလိုင် ၂၆ရက်မှ စက်တင်ဘာ ၂ ရက်အထိ လည်းကောင်း၊ Zatila-1A အစမ်းတွင်း မြောက်လတ္တီတွဒ် ၁၄ဒီဂရီ ၀၈မိနစ် ၃၆ ဒသမ ၂၂၆ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၅၁မိနစ် ၂၅ ဒသမ ၃၀၂စက္ကန့်တွင် နိုဝင်ဘာ ၂၁ရက်မှ ဒီဇင်ဘာ ၂၀ရက်အထိလည်းကောင်း၊ Prospect-063 အစမ်းတွင်း မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၂၇ မိနစ် ၄၃ ဒသမ ၃၄၃ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၅၂ မိနစ် ၄၆ ဒသမ ၂၄၉ စက္ကန့်တွင် ဒီဇင်ဘာ ၂၁ ရက်မှ ၂၀၀၇ ခုနှစ် ဇန်နဝါရီ ၁၉ရက်အထိလည်းကောင်း၊ Prospect C-010 အစမ်းတွင်း မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၂၄ မိနစ် ၃၀ ဒသမ ၀၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၀၁ မိနစ် ၄၄ ဒသမ ၅စက္ကန့်တွင် ၂၀၀၇ ခုနှစ် ဇန်နဝါရီ ၂၀ ရက်မှ ဖေဖော်ဝါရီ ၁၈ ရက်အထိ လည်းကောင်း၊ Zawtika -2 အစမ်းတွင်း မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၀၁မိနစ် ၄၃ဒသမ ၁၀၈စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၄၉ မိနစ် ၂၄ ဒသမ ၀၆၈ စက္ကန့်တွင် ၂၀၀၇ ခုနှစ် ဖေဖော်ဝါရီ ၁၉ ရက်မှ မတ် ၃၁ ရက်အထိဖြစ်သည်။

သို့ဖြစ်ပါ၍ ရေနံတွင်းတူးစက် Doo Sungဖြင့် ရေနံအစမ်းတွင်းများ စမ်းသပ်တူးဖော်နေစဉ်ကာလအတွင်း လုံခြုံမှုနှင့် ဘေးအန္တရာယ်မရှိစေရေးနှင့် ရေနံတွင်းတူးစင် ထိခိုက်ပျက်စီးမှုမရှိစေရေးအတွက် ဖော်ပြပါတည်နေရာများ၌ ရေနံတွင်းတူးစက်မှ လေးကီလိုမီတာအတွင်း ရေကြောင်းသတိပေးချက် (Notice to Mariner's) ကို ထုတ်ပြန်ထားပါ၍ သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများနှင့် စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းခြင်း၊ ငါးဖမ်းကိရိယာများချထားခြင်းများ မပြုလုပ်ကြရန် ငါးလုပ်ငန်းဦးစီးဌာနက အသိပေး ကြေညာထားသည်။ (သတင်းစဉ်)

ပေးအပ်လှူဒါန်း

ရန်ကုန်မြို့ တာမွေမြို့နယ် အနောက် မြင်းပြိုင်ကွင်းလမ်းနေ ဦးကောက်၊ ဒေါ်မြင့်မြင့်ကြည် မိသားစုတို့က ဆွမ်းပဒေသာပင်အတွက် ငွေကျပ် တစ်သိန်းကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ကျော်ရှိန်(ငြိမ်း)ထံ ပေးအပ်လှူဒါန်းစဉ်။ (ဘိုးဘွားရိပ်သာ)

မြို့ရွာတစ်ခွင် သာစေချင် မီးတွင် မပေါ့နှင့်

ဒိုက်ဦးမြို့နယ်အသင်း ဝါဆိုသင်္ကန်းကပ်မည်

ရန်ကုန် ဇွန် ၁၆

ဒိုက်ဦးမြို့နယ်အသင်း(ရန်ကုန်) ပဋ္ဌမအကြိမ်မြောက် ဝါဆိုသင်္ကန်း ကပ်လှူပွဲကို ရန်ကုန်မြို့ ပန်းဆိုးတန်းလမ်း အမှတ်(၃၀၃/၃၀၄) ဗုဒ္ဓဝေယျာဝစ္စ ဓမ္မာရုံ၌ ဇူလိုင်၂ ရက်၊ ဝါဆိုလဆန်း ၈ ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီခွဲတွင် သက်တော်ရှည် ရှမ်းစုဆရာတော်ကြီးနှင့် သံဃာတော်များအား ဆွမ်းခဲဖွယ်တို့နှင့်အတူ ဝါဆိုသင်္ကန်း ဆက်ကပ်ပူဇော်မည်ဖြစ်သည်။ ဒိုက်ဦးမြို့နယ်သူ မြို့နယ်သား၊ အသင်းသူ အသင်းသားများ တက်ရောက်ကြပါရန်နှင့် လှူဖွယ်ဝတ္ထုနှင့် အလှူငွေများကို နာယက ဦးဘစော ဖုန်း-၆၈၀၇၂၃၊ နာယက ဦးသောင်း ဖုန်း-၂၅၄၁၀၈၊ ဥက္ကဋ္ဌ ဦးဘဝင်း ဖုန်း-၀၉၈၀၃၂၈၆၅၊ ဒု-ဥက္ကဋ္ဌ ဦးကျော်ဝင်း ဖုန်း-၂၀၁၁၄၂၊ အတွင်းရေးမှူး ဦးတင်နု ဖုန်း-၅၈၄၂၆၆ တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၇-၆-၂၀၀၆ (စနေနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ ကျန်းမာရွှင်လန်းယောဂအစွမ်း
၇း၁၅ ၄။ မျိုးချစ်တပ်မတော်
၇း၂၀ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၅ ၇။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၀ ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၅ ၁၀။ **ဆရာတော်ဦးဃောသိတတရားတော် -အဂ္ဂိဝစ္ဆသုတ်တရားတော်**
၉း၁၅ ၁၁။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၉း၁၆ ၁၂။ အပိတ်နှုတ်ဆက်စကား
၉း၁၇ ၁၃။ ပြီးပါပြီ။

နေ့လယ်ပိုင်း

၁၂း၀၀ ၁။ မြဝတီအဖွင့်
၁၂း၀၅ ၂။ အဖွင့်သီချင်း
၁၂း၁၀ ၃။ မျိုးချစ်တပ်မတော်
၁၂း၂၀ ၄။ သာယာသီကြွေးခေတ်ဆန်းတေး
၁၂း၃၀ ၅။ **ရုပ်မြင်သံကြားဇာတ်လမ်း အချစ်ဖူးတဲ့အချစ်ရူး (ဒါရိုက်တာ-သရုပ်ဆောင် လွင်မိုး၊ ထက်ထက်မိုးဦး)**
၁း၅၀ ၆။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁း၅၅ ၇။ အပိတ်နှုတ်ဆက်စကား
၂း၀၀ ၈။ ပြီးပါပြီ။

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ မျိုးချစ်တပ်မတော်
၄း၁၅ ၄။ **FIFA WORLD CUP GERMANY 2006** ဘောလုံးပွဲ-**Argentina Vs Serbia Montenegro (Delay)**
၆း၀၀ ၅။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၆။ နိုင်ငံတကာသတင်း
၆း၂၀ ၇။ မိုးလေဝသသတင်း
၆း၂၅ ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆း၃၅ ၉။ အံ့သြဖွယ်ရာ ဆပ်ကပ်ပညာ
၆း၄၀ ၁၀။ လျှပ်တစ်ပြက်ရိုက်ချက်
၇း၀၀ ၁၁။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "နန်းတွင်းရတနာ" (အပိုင်း-၅၁)**
၈း၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၁၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၄။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၁၅။ **FIFA WORLD CUP GERMANY 2006** ဘောလုံးပွဲ-**Czech Republic Vs Ghana (Live)**
၁၆။ သင့်အတွက်မနက်ဖြန်
၁၇။ အပိတ်နှုတ်ဆက်စကား
၁၈။ ပြီးပါပြီ။
၀၁း၃၀ ၁၉။ **(၁၈-၆-၂၀၀၆) နံနက်ပိုင်း FIFA WORLD CUP GERMANY 2006** ဘောလုံးပွဲ-**Italy Vs USA (Live)**

နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့ အထူးအစည်းအဝေးကျင်းပ

ရန်ကုန် ဇွန် ၁၆

နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များအုပ်ချုပ်ရေးဗဟိုအဖွဲ့ အထူး အစည်းအဝေးကို ယနေ့မွန်းလွဲ ၁နာရီတွင် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) နာယကချုပ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ်များ အုပ်ချုပ်ရေး ဗဟိုအဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာ ကမ္မဋ္ဌာနာစရိယ သရက်ဆရာတော် ဘဒ္ဒန္တ ကောသလ၊ ဒုတိယဥက္ကဋ္ဌ(၁) အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ကုဏ္ဍလဇောတိ၊ ဒုတိယဥက္ကဋ္ဌ(၂) ဒွိပိဋကဓရ ဒွိပိဋကကောဝိဒ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဇာဂရာဘိဝံသ အမှူးပြုသော အဖွဲ့ဝင် ဆရာတော်များ ကြွရောက်တော်မူကြပြီး နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ်များ အုပ်ချုပ်ရေး ဗဟိုအဖွဲ့ အတွင်းရေးမှူး သာသနာတော် ထွန်းကားပြန့်ပွားရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးမြင့်နှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ ဖွင့်လှစ်သည်။

ထို့နောက် သဘာပတိ နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာ ကမ္မဋ္ဌာနာစရိယ သရက်ဆရာတော် ဘဒ္ဒန္တကောသလက အဖွင့်ဩဝါဒ မြွက်ကြားသည်။

ယင်းနောက် သာသနာရေးဝန်ကြီးဌာန ဝန်ကြီးကိုယ်စား နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့ အတွင်းရေးမှူး သာသနာတော် ထွန်းကားပြန့်ပွားရေး ဦးစီးဌာနညွှန်ကြားရေးမှူးချုပ်ဒေါက်တာ မျိုးမြင့်က သာသနာရေးဆိုင်ရာများ လျှောက်ထားရာတွင် ယခုအခါ "တက္ကသိုလ်သည် ကမ္ဘာ့နိုင်ငံများရှိ ဗုဒ္ဓဘာသာဆိုင်ရာ တက္ကသိုလ်များ၏ အဆင့်အတန်းမီသော တက္ကသိုလ်ဖြစ်စေရမည်"ဟူသော နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ် ဖွဲ့စည်းပုံ အခြေခံ စည်းမျဉ်း (ပြင်ဆင်ဖြည့်စွက်ချက်)၊ အခန်း(၄) အပိုဒ်(၁၁)အရ နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ်များ အဆင့်မြှင့်တင်ရေး နည်းလမ်းများနှင့်ပတ်သက်၍ အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိကြောင်း။

နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ်များကို အဆင့်မြှင့်တင်ရာ၌ (က) ခေတ်မီသင်ရိုးညွှန်းတမ်း၊ သင်ရိုးမာတိကာများ ပြင်ဆင်ရေးဆွဲရန်နှင့် (ခ)ဆိုင်ရာ ဘာသာရပ်များကို ကျွမ်းကျင်တတ်မြောက်သည့် အရည်အချင်းပြည့် ဆရာများရရှိရေးအတွက် ကြိုတင်ပြင်ဆင် ဆောင်ရွက်လျက်ရှိကြောင်း၊ လာမည့် ဝင်ခွင့် စာမေးပွဲတွင် ပါဠိနှင့် အင်္ဂလိပ်စာဘာသာရပ် မေးခွန်းကို အဆင့်မြှင့်တင်ရန်အတွက် အဆိုပါ ဘာသာရပ်များကို ကြိုတင်လေ့လာပြင်ဆင်ထားရန် တစ်နိုင်ငံလုံးရှိ ထင်ရှားသော စာသင်တိုက်ကြီးများသို့ အကြံပြုလျှောက်ထားပြီးဖြစ်ပါကြောင်းဖြင့် လျှောက်ထားသည်။

ထို့နောက် နိုင်ငံတော် ပရိယတ္တိ သာသနာ့ တက္ကသိုလ်များ အုပ်ချုပ်ရေး ဗဟိုအဖွဲ့ အတွင်းရေးမှူး သာသနာတော် ထွန်းကားပြန့်ပွားရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးမြင့်က နိုင်ငံတော် ပရိယတ္တိသာသနာ့ တက္ကသိုလ်(ရန်ကုန်)မှ နာယကချုပ်ဆရာတော်၏ နုတ်ထွက်ခွင့် တင်ပြလာခြင်းနှင့် လစ်လပ်သွားသော နာယကချုပ်တာဝန် ရွေးချယ်ခန့်ထားရေး၊ နိုင်ငံတော် ပရိယတ္တိသာသနာ့ တက္ကသိုလ်(မန္တလေး)မှ နာယကချုပ် ဆရာတော်အား နိုင်ငံတော် ပရိယတ္တိ သာသနာ့ တက္ကသိုလ်(ရန်ကုန်)သို့ ပြောင်းရွှေ့ တာဝန်ပေးခြင်းနှင့် တက္ကသိုလ်များ အုပ်ချုပ်ရေး ဗဟိုအဖွဲ့ဝင်အဖြစ် ခန့်အပ်တာဝန်ပေးခြင်းတို့ကို တင်ပြလျှောက်ထားရာ သဘာပတိဆရာတော်နှင့် အဖွဲ့ဝင်ဆရာတော်များက အတည်ပြု ဆုံးဖြတ်ကြသည်။

ယင်းနောက် ကြွရောက်တော်မူလာကြသော ဆရာတော်များနှင့် အုပ်ချုပ်ရေး ဗဟိုအဖွဲ့ဝင်များက အထွေထွေကိစ္စရပ်များဆွေးနွေးကြပြီး သဘာပတိဆရာတော်က နိဂုံးချုပ်ဩဝါဒ မြွက်ကြားကာ အစည်းအဝေးကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းသည်။

(သတင်းစဉ်)

မဟာဝိသုဒ္ဓါရုံကျောင်း (၇)ရက်တရားစခန်းပွဲ

ရန်ကုန် ဇွန် ၁၆

ရန်ကုန်တိုင်း၊ မြောက်ဥက္ကလာပမြို့နယ်၊ ကျောက်ရေတွင်းရပ်ကွက်၊ မဟာဝိသုဒ္ဓါရုံကျောင်းတိုက် ၊ မိုးကုတ်ဝိပဿနာအဖွဲ့ခွဲအမှတ်(၁၈၈)၏ ခုနစ်ရက် တရားစခန်းကို ဇူလိုင် ၈ရက်နေ့တွင် ဖွင့်လှစ်မည်ဖြစ်သည်။ တရားစခန်းဝင်လိုသည့် ယောဂီပုဂ္ဂိုလ်များသည် အလှူငွေကျပ် ၁၅၀၀နှင့်အတူ အိပ်ရာလိပ်နှင့်အသုံးအဆောင် ပစ္စည်းများယူဆောင်လာရမည်။ နေ့ဆွမ်းလှူဒါန်းလိုပါက တစ်ရက်လျှင် ကျပ် ၃၀၀၀၀နှုန်းဖြင့် မဟာဝိသုဒ္ဓါရုံကျောင်းတိုက် ဖုန်း-၆၅၁၈၆၄ သို့ လှူဒါန်းနိုင်ကြောင်းသိရသည်။ (က-ပ)

မဇ္ဈိမဒေသဗုဒ္ဓဂယာတွင် သာသနာပြုကုသိုလ်ယူနိုင်

ရန်ကုန် ဇွန် ၁၆

အိန္ဒိယနိုင်ငံ ဗုဒ္ဓဂယာမြန်မာကျောင်း၌ သီတင်းသုံးနေတော်မူသည့် အိန္ဒိယနိုင်ငံ ပရဒေသီသံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဘဒ္ဒန္တဉာဏိန္ဒ ဆရာတော်ကြီးသည် ကျောင်းနှင့်ကပ်လျက် မြေနှစ်ဧကကို အလှူခံယူခွင့်ရရှိထားပြီး ဘုရားဖူးများ အဆင်ပြေစေရန်အတွက် စီစဉ်လျက်ရှိရာတွင် ဘုရားပွင့်တော်မူရာ မြေမြတ်၌ သာသာနာပြုကုသိုလ်ယူနိုင်ရန်အတွက် အလှူရှင်များအနေဖြင့် တစ်ပေပတ်လည် မြေတစ်ကွက်လျှင် ငွေကျပ် ၂၀၀၀နှုန်းဖြင့် ဒေါက်တာအရှင်သုန္ဒရ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း ကျောင်းလမ်း မြေနီကုန်းစမ်းချောင်း ရန်ကုန် (ဂမုန်းပွင့်ကုန်တိုက်ဘေး အောင်တော်မူလမ်း) ဖုန်း-၅၃၇၅၉၇၊ ဆရာတော် ဦးပဏ္ဍဝံသ (မော်လမြိုင်) အောင်ဇမ္ဗူ ပရိယတ္တိစာသင်တိုက် မုပွန်ရပ် မော်လမြိုင် ဖုန်း-၀၅၇-၂၄၂၉၉၊ ဦးစိုးပိုင် (ပုသိမ်) အမှတ်(၂၈) မရမ်းချိုလမ်း ပုသိမ်မြို့ ဧရာဝတီတိုင်း ဖုန်း-၀၄၂-၂၄၄၇၂၊ ဆရာတော် ဦးပညာသာမိ (တောမှီရပဟန်း) တောင်ကလေး ဓမ္မရိပ်သာ လှိုင်းဘွဲလမ်း ဘားအံမြို့ ကရင်ပြည်နယ်၊ ဦးလှမြင့် (ပြွန်တန်ဆာမြို့) သီရိရတနာရွှေဆိုင် မင်းလမ်း ပြွန်တန်ဆာမြို့ ဖုန်း-၀၅၂-၄၀၂၃၄၊ ၀၅၂-၄၀၂၃၀၊ ဒေါ်မြမြလေး (ဒီပါအေးမြတိုက်) မန္တလေးမြို့ (၂၄/၆၄) လမ်းထောင့် မဟာဇေယျာဘုံရပ် မန္တလေး ဖုန်း ၀၂-၃၄၄၈၅၊ ၀၂-၃၉၃၈၈၊ ဆရာတော် ဦးနန္ဒိယ (ရွှေတောင်) တိလောကာရုံကျောင်း ရွှေတောင်မြို့ ပဲခူးတိုင်း ဖုန်း-၀၅၃-၂၄၂၂၂၊ ဦးစိုးဝင်း (တောင်ကြီး) (J-၂၂) နေခြည်လင်း အလှကုန်ဆိုင် မြို့မဈေး (နာရီစင်အနီး) တောင်ကြီးမြို့ ရှမ်းပြည်နယ် ဖုန်း ၀၉-၅၂၁၂၈၅၃၊ ၀၈၁-၂၄၂၀၁ (၁၈၃)၊ ဦးမောင်မောင်တာ-ဒေါ်အေးအေးဝင်း (မကွေး) 'တာ' ကွမ်း၊ ကွမ်းသီးရောင်းဝယ်ရေး မြို့မဈေးကြီး မကွေးမြို့ ဖုန်း ၀၆၃-၂၃၅၅၇၊ ၂၃၅၅၈၊ ဦးလှမြင့်-ဒေါ်ကြည်အေး ဟောင်ကောင်သူ စားသောက်ဆိုင်နှင့် ဧည့်ရိပ်သာ ခေတ္တရာခန်းမရှေ့ ဗိုလ်ချုပ်လမ်း ပြည်မြို့ ဖုန်း-၀၅၃-၂၆၀၅၈၊ ၂၂၄၈၃၊ ဆရာတော်ဦးဇောတိက (မော်ကျွန်း) ပုညဝမုနကျောင်း မအူပင်လမ်း မြို့မ(၁၁)ရပ်ကွက် မော်လမြိုင်ကျွန်းမြို့၊ ဦးသိန်းလွင်-ဒေါ်ခင်မေသန်း (လားရှိုး) အမှတ် ည/၇ (၁၀)ရပ်ကွက် ရန်အောင်မြင်လမ်း လားရှိုးမြို့ ဖုန်း-၀၈၂-၂၂၉၈၀ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။ (သတင်းစဉ်)

အာယုဒါန ဆေးကုသဆောင် ဆောက်လုပ်ရန်နှင့် လူမှုရေးငွေပဒေသာပင်အတွက် အလှူငွေပေးအပ်

ရန်ကုန် ဇွန် ၁၆

ရန်ကုန်မြို့ ရန်ကင်းမြို့နယ် ရွှေပြည်ဟိန်းကုသိုလ်ဖြစ် ဆေးခန်း၌ အာယုဒါန တိုးချဲ့ဆေးကုသဆောင် ဆောက်လုပ်လှူဒါန်းရန်အတွက် ပန်းဘဲတန်းမြို့နယ် မဟာဗန္ဓုလလမ်းနေ ဦးထုံ ရွှေပန်းထိမ်မှ ရွှေပန်းထိမ်ဆရာကြီး ဦးထုံက ၎င်း၏ အသက်(၈၄)နှစ်ပြည့် မွေးနေ့အဖြစ် အလှူငွေကျပ် ငါးသိန်းကို ရွှေပြည်ဟိန်းကျောင်း ဆရာတော် ဓမ္မကထိက အရှင်ခေမာသိရီလင်္ကာရထံ ဆက်ကပ်လှူဒါန်းသည်။ **(အပေါ်ပုံ)**

ပေးအပ်လှူဒါန်း

အလားတူ ဇီဝိတဒါန သံဃာ့ဆေးရုံကြီး ဆေးပဒေသာပင်၊ စိတ်ကျန်းမာရေး ဆေးရုံကြီး ဆေးပဒေသာပင်၊ တိုင်းရင်းသားလူမျိုး မိဘမဲ့ကလေးများ ဖွံ့ဖြိုးရေး ပရဟိတကျားကျောင်း ငွေပဒေသာပင်၊ လူမှုဝန်ထမ်း ဦးစီးဌာန မျက်မမြင်ကျောင်း (ကြည့်မြင်တိုင်မြို့နယ်) ငွေပဒေသာပင်၊ ဆင်းရဲသူများ စောင့်ရှောက်ရေးသီလရှင် ကျောင်းဘိုးဘွားရိပ်သာ (သိမ်ဖြူလမ်း) ငွေပဒေသာပင်၊ မေရီချက်(ပ်)မင်း ဆွံ့အနားမကြားကျောင်း ငွေပဒေသာပင်တို့အတွက် အလှူငွေကျပ် တစ်သိန်းစီကို ပေးအပ်လှူဒါန်းသည်။ (သတင်းစဉ်)

ရန်ကုန်မြို့ သဃ်္ဃန်းကျွန်းမြို့နယ် လေးဒေါင့်ကန်လမ်းနေ ကွယ်လွန်သူ အဘိုး ဦးအေးမြင့်အား ရည်စူး၍သမီးဒေါ်ခင်စန်းကြူနှင့် မြေးဖြစ်သူ စောအဂ္ဂတို့က သဃ်္ဃန်းကျွန်းမြို့နယ်(၁၆/၂)ရပ်ကွက် ဗြဟ္မဝိဟာရပရိယတ္တိစာသင်တိုက်ရှိ နာရေးကူညီမှုအသင်း(ရန်ကုန်)သို့ ငွေကျပ်တစ်သိန်း လှူဒါန်းရာ ဒုတိယဥက္ကဋ္ဌ ဦးကျော်သူ လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်စဉ်။ (က-ပ)

မင်္ဂလာဗျူဟာ သွေးလှူဒါန်းပွဲ

ရန်ကုန် ဇွန် ၁၆

ဗဟန်းမြို့နယ် မင်္ဂလာဗျူဟာ အသင်းချုပ် ဗုဒ္ဓဘာသာ သင်တန်းကျောင်း၌ ဇွန် ၂၅ရက်(တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် (၈၃)ကြိမ်မြောက် သွေးလှူဒါန်းပွဲ ကျင်းပမည်ဖြစ်ရာ သွေးလှူရှင်များသည် ဇွန် ၂၄ရက် (စနေနေ့)နံနက် ၇နာရီမှစ၍ အသင်းချုပ်သို့ကြွရောက်ကာ အသိအမှတ်ပြုကတ်ပြားပေး၍ စာရင်းပေးသွင်းနိုင်ပြီး ပဒေသာမဲအတွက် အလှူငွေများနှင့် ပစ္စည်းများကို တတ်စွမ်းသရွေ့ပေးလှူကြရန် ဖိတ်ခေါ်အသိပေးထားသည်ဟု သိရသည်။ (၂၃)

ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ အင်တာနက်သတင်းများ

အီရန်နှင့် ကစားရမည့်ပွဲတွင် ရော်နယ်လ်ဒို ပါဝင်နိုင်

ဖရန့်ဖတ် ဇွန် ၁၆

စနေနေ့တွင် အီရန်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည့်ပွဲအမီ အားထားရသူ ခရစ္စတီယာနိုရိုနယ်လ်ဒို ကြံ့ခိုင်မှုရှိလာနိုင်ကြောင်း ပေါ်တူဂီနည်းပြ လူးဝစ်ဖယ်လစ်စကိုလာရီက သောကြာနေ့တွင် ပြောကြားသည်။

မန်ချက်စတာ ယူနိုက်တက်အသင်းတွင် ပါဝင်ကစားနေသည့် ရိုနယ်ဒိုသည် ခြေသလုံးကြွက်သားများ နာကျင်သည့်ဝေဒနာကို ခံစားခဲ့ရပြီးနောက် ကမ္ဘာ့ဖလားဘောလုံးပွဲတွင် ပါဝင်ကစားနိုင်ပါမည်လောဟု စိုးရိမ်မကင်းမှုများပေါ်ထွက်ခဲ့သည်။ သို့ရာတွင် ရိုနယ်ဒိုသည် သောကြာနေ့က လေ့ကျင့်ရေးကွင်းတွင် ပါဝင်ကစားခဲ့ကြောင်း ပေါ်တူဂီနည်းပြက ပြောကြားသည်။

လေ့ကျင့်ရေးကွင်းတွင် ၎င်း၏ ပါဝင်ကစားနိုင်မှုအခြေအနေကို သုံးသပ်ကာ ပေါ်တူဂီအသင်းတွင် ပါဝင်ကစားနိုင်ခြင်း ရှိ၊ မရှိ အဖြေထုတ်နိုင်မည်ဖြစ်ကြောင်း နည်းပြ စကိုလာရီက ပြောကြားသည်။

ရိုနယ်လ်ဒိုသည် ဖရန့်ဖတ်မြို့ရှိ ဝေါလ်စတေဒီယမ် အားကစားရုံတွင် တစ်နာရီကြာမျှ လေ့ကျင့်ကစားခဲ့ရာ၌ ခြေသလုံးကြွက်သားများ ပြန်လည်နာကျင်မှုမရှိဘဲ ပုံမှန်ကစားနိုင်ကြောင်း၊ လာမည့်စနေနေ့တွင် အီရန်နှင့် ယှဉ်ပြိုင်ကစားရမည့်ပွဲ၌ ရိုနယ်လ်ဒိုပါဝင်နိုင်ကြောင်း စကိုလာရီက ပြောကြားသည်။ **အင်တာနက်။**

ကမ္ဘာ့ဖလား ချန်ပီယံ စပိန်ဖြစ်လာနိုင်ဟုဆို

ဘာလင် ဇွန် ၁၆

ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲတွင် မိမိတို့အသင်း ချန်ပီယံဆုဖလားကို ရရှိနိုင်သည်ဟု စပိန်အသင်းမှ တိုက်စစ်မှူး ဒေးဗစ်ဗီလာက ဇွန် ၁၆ရက်တွင် ပြောကြားလိုက်သည်။

နည်းပြလူးဝစ် အာရာဂိုနက်စ်၏ စပိန်အသင်းသည် ပထမဆုံးသော အုပ်စုပွဲတွင် ယူကရိန်းအသင်းကို လေးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ ဇွန် ၁၄ရက်က ကျင်းပခဲ့သော ယင်းပွဲတွင် စပိန်အသင်းအတွက် ဗီလာတစ်ဦးတည်းက နှစ်ဂိုးသွင်းယူပေးခဲ့သည်။

မိမိတို့အသင်း၏ စွမ်းရည်ကို သံသယရှိသူအချို့ရှိကြောင်း၊ စပိန်အသင်းသည် ထူးချွန်ပြောင်မြောက်သော အသင်းတစ်သင်းဖြစ်သည်ကို မိမိတို့ ပြသလိုကြောင်း အသက်(၂၄)နှစ်အရွယ်ရှိ ဗီလာက ပြောကြားသည်။ **အင်တာနက်။**

အီဘရာဟင်မိုဗစ် ဆေးဝါးစစ်ဆေးမှုခံယူ

ဘာလင် ဇွန် ၁၆

ပြီးခဲ့သည့် ကြာသပတေးနေ့က ပါရာဂွေးအသင်းနှင့် ယှဉ်ပြိုင်ကစားစဉ် အတွင်း ပေါင်တွင်းနာကျင်မှုကြောင့် ပွဲတစ်ဝက်ဖြင့် ကွင်းထဲမှ ထွက်ခွာသွားခဲ့ရသူ ဆွီဒင်တိုက်စစ်မှူး ဇလာတန် အီဗရာဟင်မိုဗစ်သည် ဆေးဝါးစစ်ဆေးမှုကို ခံယူလျက်ရှိကြောင်း ဇွန် ၁၆ရက် အင်တာနက်သတင်းတွင် ဖော်ပြထားသည်။

ဇွန် ၁၅ရက်က ပါရာဂွေးအသင်းနှင့် ယှဉ်ပြိုင်ကစားနေစဉ် ပေါင်တွင်းနာကျင်မှုကြောင့် ဆက်လက်ကစားနိုင်ခြင်းမရှိ တော့သည့် အီဗရာဟင်မိုဗစ်ကို အသင်းဆရာဝန်က စစ်ဆေးမှုများ ပြုလုပ်လျက်ရှိသည်။

လေ့ကျင့်ရေးကွင်းတွင် မိမိပါဝင်ကစားခဲ့စဉ်က နာကျင်မှုမှာ မဆိုစလောက်သာရှိကြောင်း၊ သို့ရာတွင် ဇွန် ၁၅ရက်က ကစားရသည့်ပွဲ၌ ဝေဒနာမှာ ဆိုးရွားလာခဲ့ကြောင်း အသက်(၂၄)နှစ်အရွယ်ရှိ အီဗရာဟင်မိုဗစ်က သတင်းထောက်များအား ပြောကြားသည်။ အဆိုပါ ပွဲတွင် ဆွီဒင်အသင်းက ပါရာဂွေးအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ သည်။

ပါရာဂွေးနှင့် ကစားရသည့်ပွဲတွင် ပထမပိုင်းကစားချိန်အတွင်း အီဗရာဟင်မိုဗစ်၏ နာကျင်မှုလက္ခဏာမှာ ပြသခဲ့ပုံမရပေ။ ၎င်းသည် အခြားသော တိုက်စစ်မှူးဖြစ်သူ ဟင်းနရစ်လာဆင်နှင့်အတူ ကောင်းမွန်စွာ တိုက်စစ်ဆင်နိုင်ခဲ့ပြီး ပါရာဂွေးအသင်း၏နောက်တန်းကို ဒုက္ခပေးနိုင်ခဲ့သည်။ သို့ရာတွင် ပွဲကစားချိန် ထက်ဝက်ရောက်သည့်အခါ နာကျင်မှုဒဏကို အီဗရာဟင်မိုဗစ် ခံနိုင်ရည်မရှိတော့ပေ။ **အင်တာနက်။**

၂၀၀၆ ဂျာမနီ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ

ပေါ်တူဂီ၊ ချက်၊ အီတလီ အုပ်စုတက်ရန် အခြေအနေကောင်း

၂၀၀၆(ဂျာမနီ) ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲအဖြစ် ဇွန် ၁၇ရက်(ယနေ့) ညတွင် အုပ်စု(ဃ)မှ နှစ်သင်း၊ အုပ်စု(င)မှ လေးသင်းတို့ ဒုတိယပွဲစဉ်အဖြစ် ဆက်လက်ယှဉ်ပြိုင်ကစားကြမည်။ အုပ်စု(ဃ)မှ ပေါ်တူဂီနှင့်အီရန်၊ အုပ်စု(င)မှ ချက်နှင့် ဂါနာ၊ အီတလီနှင့် အမေရိကန်တို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

ပေါ်တူဂီနှင့် အီရန်

၁၇-၆-၂၀၀၆
ဖရန့်ဖတ်ကွင်း
အချိန်-ည ၇း၃၀နာရီ၊ စနေနေ့
(မြဝတီမှပြန်လည်ထုတ်လွှင့်ပြသမည်။)

အင်ဂိုလာကို တစ်ဂိုး-ဂိုးမရှိဖြင့် နိုင်ထားသောကြောင့် ပေါ်တူဂီသုံးမှတ်ရထားသည်။ မက္ကဆီကိုကို သုံးဂိုး-တစ်ဂိုးဖြင့်အီရန်ရှုံးထားသည်။အမှတ်တစ်မှတ်မျှ မရသေးဘဲရှိသည်။

မက္ကဆီကိုနှင့် ကစားသောပွဲတွင် အီရန်၏ကစားပုံကောင်းသည်။ မက္ကဆီကို အသင်းကို အင်နှင့်အားနှင့်ယှဉ်ပြီး တန်ပြန်ကစားနိုင်ခဲ့သည်။ အီရန်၏ ကွင်းလယ် ကစားကွက်ကောင်းသည်။ သို့သော် နောက်တန်းနှင့် ရှေ့တန်းတို့၏

ဂျာမနီနိုင်ငံ ဖရန့်ဖတ်မြို့ရှိ အားကစားရုံတွင် ဇွန် ၁၆ရက်က လေ့ကျင့်ကစားနေသော ပေါ်တူဂီအသင်းမှ လူးဝစ်ဖီဂို (ယာ)အား တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

အားနည်းမှုကြောင့် ဂိုးပြတ်ရှုံးရခြင်းဖြစ်သည်။ ယခုကစားရမည့် ပေါ်တူဂီအသင်းသည် မက္ကဆီကိုအသင်းထက် ပိုမိုကောင်းသည်။

အင်ဂိုလာနှင့်ပွဲတွင် ပေါ်တူဂီသည် အပေါ်စီးမှကစားခဲ့သော်လည်း အင်ဂိုလာ၏ မာကျောကျောတုံ့ပြန်မှုကြောင့် ပေါ်တူဂီကွင်းလယ်သည် တစ်ချက်တစ်ချက်ပျက်ခဲ့ရသည်။ သို့သော်လည်း အတွေ့အကြုံကြွယ်ဝသည့် ဖီဂို၊ ဆီမာအိုတို့ကြောင့် ကွင်းလယ်ကစားကွက် တည်တည်ငြိမ်ငြိမ်ဖြင့် ပြန်လည်တည်ဆောက်နိုင်သည်။ ဖီဂို၏ ဦးဆောင်မှုသည် ပေါ်တူဂီ၏ အသက်သွေးကြောဖြစ်သည်။

အီရန်၏ ကစားပုံနှင့် ပေါ်တူဂီကစားကွက်ကိုချိန်ထိုးကြည့်လျှင် ကွာဟချက်များသည်။ ဖီဂိုဦးဆောင်သော ပေါ်တူဂီကို အီရန်ယှဉ်ပြိုင် ကစားဖို့ခက်ခဲလိမ့်မည်။ အီရန်တိုက်စစ်မဆင်နိုင်အောင် မက္ကဆီကိုက ကွင်းလယ်ကို ဖျက်ထုတ်ပစ်ခဲ့သည်။ နောက်တန်း အမှားအယွင်းများကြောင့် အီရန်ရှုံးသည်။ ယခုပွဲတွင် အီရန်သည် အောက်မှလိုက်ကစားရမည်ဖြစ်သည်။ ထို့ကြောင့် ပေါ်တူဂီ၏ ကွင်းလယ်ကို ဘယ်လောက်ဖျက်နိုင်မည်နည်း၊ စောင့်ကြည့်ရမည်။ သို့သော် ပေါ်တူဂီကွင်းလယ်ကိုဖျက်ဖို့ ခက်ခဲလိမ့်မည်ဖြစ်သည်။

ဤပွဲတွင် ပေါ်တူဂီနိုင်ဖို့ သေချာ သည်။ ဂိုးပြတ်သွင်းနိုင်၊ မသွင်းနိုင် စောင့်ကြည့်ရမည်ဖြစ်သည်။

ချက်နှင့် ဂါနာ

၁၇-၆-၂၀၀၆
ကိုလုံးကစားကွင်း
အချိန်- ည ၁၀း၃၀နာရီ၊ စနေနေ့
(မြဝတီမှတိုက်ရိုက်ထုတ်လွှင့်ပြသမည်။)

အမေရိကန်ကို သုံးဂိုး-ဂိုးမရှိဖြင့် နိုင်ထားသောကြောင့် ချက်အသင်း သုံးမှတ်ရထားသည်။ ဂါနာက အီတလီကို ရှုံးထားသည်။

ဂါနာသည် အီတလီအသင်းကို နှစ်ဂိုးပြတ်ရှုံးသော်လည်း ကစားပုံကောင်းသည်။ ဘောလုံးပိုင်ဆိုင်မှုအပိုင်းတွင် ဂါနာသည် အီတလီထက်ပင် ပိုသည်။ ကစားအားကောင်းသော အသင်းဖြစ်သည်။ အဆုံးသတ်ဂိုးသွင်းမှု ညံ့သည်။ တစ်ချက်တစ်ချက် ဂါနာ၏ တိုက်စစ်မှာ ကြောက်စရာကောင်းသည်။ သို့သော် ဂါနာသည် ချက်အသင်းကို ယှဉ်ပြိုင်ကစားဖို့ အီတလီထက် ပိုခက်လိမ့်မည်။

အမေရိကန်နှင့် ကစားသော ချက်ခြေစွမ်းရည်သည် အံ့သြစရာကောင်းသည်။ ရှေ့တန်း၊ အလယ်တန်း၊ နောက်တန်း အားလုံးကောင်းသည်။အထူးသဖြင့်

ဂမ်ဆိုင်း

ချက်၏ အဓိကမောင်းနှင်အားမှာ ကွင်းလယ်ဖြစ်သည်။ ကွင်းလယ်ကို ဦးဆောင်သူမှာ နက်ဗက်ဖြစ်သည်။ ပိုဘောစကီး၊ ရိုဆစ်စကီး၊ ပလာဆေးလ်တို့ကလည်း နက်ဗက်၏ ဦးဆောင်မှုအောက်တွင် အပြင်းထန်ဆုံး လှုပ်ရှားကစားခဲ့ကြသည်။ ပြိုင်ဘက် နောက်တန်းကို အမွှေနှောက်ဆုံးသော ကွင်းလယ်ကစားသမားများဖြစ်သည်။

ယခုပွဲတွင် ချက်ရှေ့တန်းသည် အားပျော့ကောင်း အားပျော့လိမ့်မည်။ ယန်းခိုလာ ဒဏ်ရာရထားသည်။ မည်သို့ပင်ဖြစ်စေ ချက်၏ ကွင်းလယ်ကစားသမားများသည် ဂိုးသွင်းခြေရှိသူများဖြစ်သည်။

လက်ရှိအခြေအနေအရ နှစ်သင်းစလုံးသည် ရှေ့တန်းအားပျော့နေကြသည်။ အားလုံးကိုခြုံကြည့်လျှင် ချက်အသင်းကသာသည်။ သို့ဖြစ်၍ ချက်အသင်း နိုင်ရန်အခွင့်အရေးသာသည်။ ဂိုးမပြတ်အောင် ဂါနာကစားနိုင်ခဲ့လျှင် ဂါနာ ပရိသတ်များ ကျေနပ်ကြလိမ့်မည်။

အီတလီနှင့် အမေရိကန်

၁၈-၆-၂၀၀၆
ကိုင်ဇာစလော့တန်ကွင်း
အချိန်-နံနက် ၁း၃၀ နာရီ၊ တနင်္ဂနွေနေ့
(မြဝတီမှ တိုက်ရိုက်ထုတ်လွှင့်ပြသမည်။)

ဂါနာကို နှစ်ဂိုး-ဂိုးမရှိဖြင့်နိုင်သောကြောင့် အီတလီ သုံးမှတ်ရထားသည်။ အမေရိကန်က ချက်ကို သုံးဂိုး-ဂိုးမရှိရှုံးသောကြောင့် တစ်မှတ်မျှမရသေး။

အကယ်၍ အမေရိကန်ကယခုပွဲကို အနိုင်(သို့မဟုတ်)သရေကစား ထားနိုင်ခဲ့လျှင် အုပ်စုတက်ရန်အတွက် မျှော်လင့်ချက်ရောင်ခြည်ရှိသေးသည်။ ရှုံးခဲ့လျှင် အုပ်စုမှထွက်ရန် သေချာသလောက်ရှိသွားပြီ။ မည်သို့ပင်ဖြစ်စေ လောလောဆယ်တွင် အမေရိကန်အဖို့ အလားအလာမကောင်းဘဲဖြစ်နေသည်။

ချက်နှင့် ကစားခဲ့သောခြေရည်သည် ၂၀၀၂ခုနှစ် ကမ္ဘာ့ဖလားခြေရည်ကို လုံးဝမမီဟုဆိုချင်သည်။ အမေရိကန်၏ ကွင်းလယ်ကစားကွက်များပျက်နေသည်။ အသင်းတစ်သင်းကို ဘယ်လိုတုံ့ပြန် ကစားရမလဲဆိုသည်ကို ကောင်းစွာနားလည်သော အမေရိကန်သည် တည်ငြိမ်မှုမရှိဘဲဖြစ်နေသည်။ နေရာစုံမှာ ဟာကွက်များရှိခဲ့သည်။ မည်သို့ပင်ဖြစ်စေ နည်းပြဆရာ အရီနာသည် အမေရိကန်အသင်း၏ အားနည်းချက်များကို အီတလီနှင့်ပွဲတွင် ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်သွားလိမ့်မည်ဖြစ်သည်။

ဂါနာနှင့်ကစားသောပွဲတွင် အီတလီ၏အလယ်တန်းအားသည်ကောင်းသည်။ ရှေ့တန်းတိုက်စစ်မှူးများကလည်း ပြိုင်ဘက်နောက်တန်းကို ကောင်းစွာခြိမ်းခြောက်နိုင်သည်။ နောက်တန်းတွင် အသက်အရွယ် ကြောင့် အထနှေးသည်။ ဤတစ်ချက်သာ အီတလီတွင် ပြောစရာရှိသည်။ သို့သော် အမေရိကန်အသင်းနှင့်စာလျှင် အီတလီနောက်တန်းက ပို၍တောင့်သည်။ ဂိုးသမားဘတ်ဖွန်ကလည်း အားကိုးရသူဖြစ်သည်။

ထို့ကြောင့် နှစ်သင်းအနေအထားကိုလေ့လာကြည့်ရာတွင် အီတလီက အမေရိကန်ထက်သာသည်။လူသာသလို ကစားကွက်လည်းသာသည်။ လက်ရှိအနေအထားအရ အီတလီအပေါ်စီးမှ ကစားရလိမ့်မည်။ အီတလီ ယခုပွဲကို အနိုင်ကစားထားလျှင် အုပ်စုတက်ရန်သေချာသလောက်ရှိသည်။ ထို့ကြောင့် အီတလီက ယခုပွဲကို အနိုင်မရ ရအောင်ကစားဖွယ်ရှိသည်။ အနည်းဆုံးသရေ ရအောင် ကစားသွားမည်ဖြစ်သည်။

ဂျာမနီနိုင်ငံဒွစ်စဘာတ်ဂ်မြို့တွင် ဇွန် ၁၅ရက်က ကျင်းပသော သတင်းစာရှင်းလင်းပွဲ၌ အီတလီလက်ရွေးစင်အသင်းမှ တိုက်စစ်မှူး ဗင်ဆန်ဇိုအယ်ကွင်တာ ရှင်းလင်းပြောဆိုစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

နှစ်ဖက်သောမိဘများအားအမှူးထား၍ ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် (၂၉)လမ်းနေ ဦးကျော်ဦး-ဒေါ်ကြူလှိုင်၊ သားမောင်ဇော်မျိုးဦး-မနန်စမ်ဆိုင်တစ်၊ သမီး မသင်းသင်းလှိုင်မိသားစုက ဒဂုံမြို့နယ် စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋကတိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီး အတွက် အလှူတော်ငွေကျပ်တစ်သိန်းကို အနုနာယကဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စထံ ရေစက်ချအနုမောဒနာတရား နာယူပြီး တိ-နိ(ရန်ကုန်ဌာန)အုပ်ချုပ်ရေးမှူး (ဘဏ္ဍာ)ဦးသိန်းကျော်ထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

မော်လမြိုင်မြို့ သမိုင်းဝင်ရွှေတောင်ကျောင်းတိုက် ပရိဝုဏ်အတွင်း ငွေကျပ် သိန်း ၃၀၀ကျော် အကုန်ကျခံတည်ဆောက်ဆဲဖြစ်သည့် သိမ်အဆောက်အအုံသစ် အတွက် ဇွန် ၇ ရက်က မော်လမြိုင်မြို့ သမိုင်းဝင်ရွှေတောင်ကျောင်းတိုက် ကျောင်းထိုင်ဆရာတော် သာသနာပြုနယ်လှည့်ဓမ္မကထိက ဆရာတော် ဘဒ္ဒန္တ ဝိမလထံ မော်လမြိုင်မြို့ ဈေးကြီးတောင်ပေါ်တန်းရပ်နေ ဦးမျိုးမြင့်-ဒေါ်လေးလေး နှင့် မိသားစုက ငွေကျပ်တစ်သိန်း ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

ဇွန် ၁၃ရက်က ဒေါ်ခေမာသီဂီနှင့် ဒေါ်ဇေသီဂီတို့အား ရည်စူး၍ တပည့် မဇေယျာသီဂီ၊မနီပုကာ၊ မဓမ္မသီဂီတို့က ငွေကျပ်သိန်း ၅၀၀တန်ဖိုးရှိ သင်္ဃန်းကျွန်းမြို့နယ် ရန်ကုန်သစ်ရပ်ကွက်ရှိ စံရိပ်ငြိမ်စာသင်တိုက်ကို နယ်လှည့်သာသနာပြု ဓမ္မကထိက ဆရာတော် အရှင်ဇဝန(ပဲခူး)အား သံဃနာယကဆရာတော်ကြီးများ ရှေ့မှောက်၌ လှူဒါန်းစဉ်။ (က-ပ)

မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ဘုန်းတော်ကြီးသင် ပညာရေးကျောင်း၊ ခြေခံပညာမူလတန်း၊ အလယ်တန်းနှင့် အထက်တန်းကျောင်းများသို့ (၁၂)ကြိမ်မြောက် ဘာသာရေးစာအုပ်စာစောင်များလှူဒါန်းရန်အတွက် တာမွေမြို့နယ် ကျိုက္ကဆံ လမ်းနေ ဒေါ်ရွှေပု၊ ညီမ ဒေါ်ကြူကြူဝင်း(DSP နည်းပြ)တို့၏ အလှူငွေကျပ်တစ်သိန်းကို ဗုဒ္ဓ-ဓမ္မ-ဒါန စေတနာရှင်များအဖွဲ့ အကျိုးတော်ဆောင် ရွှေမြင့်တင်ဦးညို(သီဟသုဓမ္မ မဏိဇောတဓရ၊ သဒ္ဓမ္မဇောတိကဓဇ)ထံ ပေးအပ်လှူဒါန်းစဉ်။ (၅၃၅)



- အမျိုးသားညီလာခံကို ကျင်းပကာ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ရေးဆွဲရေးအတွက် အခြေခံမူများနှင့် အသေးစိတ်အခြေခံမူများကို အမျိုးသားညီလာခံကိုယ်စားလှယ်များက ညှိနှိုင်းဆွေးနွေး အတည်ပြုချက် ချမှတ်ပေးလျက်ရှိသည်။
- အမျိုးသားညီလာခံသတင်းများကို လေ့လာကြည့်သောအခါ အနာဂတ် နိုင်ငံတော်တည်ဆောက်မှု ပုံသဏ္ဍာန်နှင့် အနှစ်သာရကို ပုံဖော်မှန်းမျှော် ကြည့်ရှုရလာပြီ ဖြစ်သည်။
- အနာဂတ်နိုင်ငံတော်တွင် ပေါ်ပေါက်လာမည့် ဥပဒေပြုမှုနှင့်စပ်လျဉ်းသည့် အသွင်သဏ္ဍာန်နှင့် အနှစ်သာရကို ထင်လင်းစွာ ပုံဖော်လာရေးအတွက် စာရေးသူ၏တွေ့ရှိချက်များကို တိုင်းရင်းသားပြည်သူများအား အကျိုးအထောက် မှန်ကန်စွာဖြင့် လက်ဆင့်ကမ်းပေးထားသည့် —

စိုးမြကျော် ၏
အနာဂတ်နိုင်ငံတော်တည်ဆောက်မှု ပုံသဏ္ဍာန် ဥပဒေပြုမှု အသွင်သဏ္ဍာန်နှင့် အနှစ်သာရ

- အနာဂတ်နိုင်ငံတော် တည်ဆောက်မှု ပုံသဏ္ဍာန်နှင့် အနှစ်သာရ အခန်း (၁) ခန်းနှင့် အနာဂတ်နိုင်ငံတော်၏ ဥပဒေပြုမှု အသွင်သဏ္ဍာန်နှင့် အနှစ်သာရ အပိုင်း (၁၃) ပိုင်းပါရှိသည်။
- ရောင်စုံ သရုပ်ဖော်ပုံများနှင့် စာမျက်နှာ (၁၅၀) ရောင်းဈေး ၃၅၀/-

ထွက်ပြီ

- စာပေဗိမာန် စာအုပ်ဆိုင် ၅၂၉-၅၃၁၊ ကုန်သည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၃၈၁၄၄၅၊ ၂၄၉၀၃၁
- သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းစာအုပ်ဆိုင်၊ ၂၁၂ သိမ်ဖြူလမ်း ရန်ကုန်မြို့။ ဖုန်း - ၂၉၄၄၀၆

ပြည်သူ့ထံမှ ပေးစာ ပေးပို့လိုပါလျှင်

ပြည်သူ့ထံမှ ပေးစာကဏ္ဍသို့ ပေးပို့လိုပါက ပေးပို့သူ၏ အမည်၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ နေရပ်လိပ်စာ အပြည့်အစုံ ရေးသားဖော်ပြ၍ ပြည်သူ့ထံမှပေးစာ ကဏ္ဍ၊ ကြေးမုံသတင်းစာတိုက်၊ အမှတ် (၇၇)၊ (၅၂)လမ်း (မဟာဗန္ဓုလ လမ်းထောင့်)၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့သို့ လိပ်မူ ပေးပို့ နိုင်ပါသည်။

၄၆ လမ်းထဲမှ အမှိုက်ပုံဖယ်ရှားပေးစေလို

စာတည်းခင်ဗျား–

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ် ၄၆ လမ်းနှင့် အနော်ရထာလမ်းထောင့်တွင် အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်းရှိရာ ကျောင်းပို့၊ ကျောင်းကြိုသွားလာရာတွင် မဟာဗန္ဓုလလမ်းဘက်မှ ၄၆ လမ်းကို ဖြတ်၍သွားကြရပါသည်။ ၄၅လမ်းနှင့် ၄၇လမ်းတို့တွင် အဆောက်အအုံများ ဆောက်လုပ်ရန် ပိတ်ထားသဖြင့် သွားလာ၍မရပါ။

ယခုအခါ ၄၆ လမ်းအလယ်လမ်းထဲတွင် စည်းကမ်းမဲ့ စွန့်ပစ်ထားသော အမှိုက်ပုံကြီးရှိပြီး အနံ့အသက်နှင့် အညစ်အကြေးများ ပတ်ဝန်းကျင်သို့ပျံ့နှံ့လျက်ရှိပါသည်။**(အပေါ်ပုံ)** သို့ဖြစ်ပါ၍ မြို့အင်္ဂါရပ်နှင့်အညီ သန့်ရှင်း သပ်ရပ်စေရန်နှင့် ကျန်းမာရေးအတွက် အဆိုပါအမှိုက်ပုံအားရှင်းလင်း ဖယ်ရှားပေးပါရန်တင်ပြအပ်ပါသည်။

အမြင်မတော်သူတစ်ဦး

ကြေးမုံ The Mirror ပြည်သူ့ထံမှပေးစာ

လျှပ်စစ်ဓာတ်တိုင် စနစ်တကျဖြစ်စေချင်

စာတည်းခင်ဗျား–

အင်းစိန်မြို့နယ်၊ ပိန္နဲကုန်းရပ်ကွက်၊ ဗောဓိလမ်းနှင့် ဗိုလ်မင်းရောင်လမ်းသွယ် ဆုံရာထိပ်တွင် လေးလက်မပတ်လည် သံဓာတ်တိုင်တစ်တိုင်၌ အိမ်သုံးမီးကြိုးပေါင်း ၄၀ ကျော်နှင့် စက်ရုံသုံးမီးကြိုးကြီးနှစ်လိုင်းကို ဖြစ်သလို ချိတ်ဆွဲ သွယ်တန်းထားသည့်အတွက် ဓာတ်တိုင်နှင့် ဓာတ်တိုင် ပတ်ဝန်းကျင်တွင် ဓာတ်လိုက်မှု ရှိနေပါသည်။ လမ်းသွားလမ်းလာများနှင့် ပတ်ဝန်းကျင်မှ ကလေးများအတွက် အန္တရာယ်ရှိ၍ အဆိုပါ မီးတိုင်အား မီးကြိုးများ စနစ်တကျချိတ်ဆွဲစေရေးစိစစ်ကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။

မိဘတစ်ဦး

စည်းကမ်းမဲ့ လက်ဖက်ရည်ဆိုင် ကြပ်မတ်ပေးစေလို

စာတည်းခင်ဗျား–

ရန်ကုန်တိုင်း၊ ကမာရွတ်မြို့နယ်၊ (၄)ရပ်ကွက်၊ ကွမ်းခြံ(၁)လမ်းရှိ လက်ဖက်ရည်ဆိုင်တစ်ဆိုင်သည် လူသွားလမ်းများပေါ်တွင် ထိုင်ခုံများခင်း၍ ရောင်းချနေခြင်း၊ နေ့ရောညပါ ကက်ဆက်သံဆူညံစွာ ဖွင့်ထားခြင်းတို့ကြောင့် ပတ်ဝန်းကျင်တွင် နေထိုင်သူများ စိတ်အနှောင့်အယှက်ဖြစ်နေရပါသည်။

သို့ဖြစ်ပါ၍ အဆိုပါဆိုင်အား စည်းကမ်းနှင့်အညီ ကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။

ကမာရွတ်သား

အချက်အလက် မှန်ကန်ပြည့်စုံသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးပြီး

၂၀–၅–၂၀၀၆ရက်နေ့ထုတ် ကြေးမုံသတင်းစာပါ ဒဂုံမြို့သစ် (တောင်ပိုင်း) (၁၉)ရပ်ကွက်မှ သန်းခေါင်စာရင်းနှင့် မှတ်ပုံတင်ဆောလျင်စွာ ရရှိရေး ဆောင်ရွက်ပေးပါ ပေးစာနှင့်စပ်လျဉ်း၍ ကွင်းဆင်းဆောင်ရွက်ရာသို့ လာရောက်လျှောက်ထားသည့် အချက်အလက်မှန်ကန်ပြည့်စုံပြီး နိုင်ငံသား အရည်အချင်းပြည့်မီသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ထုတ်ပေးပြီးဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။

လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန

အများသုံးရေအိမ်သန့်ရှင်းရေး ဆောင်ရွက်ပြီးစီး

၈–၄–၂၀၀၆ရက်နေ့ထုတ် ကြေးမုံသတင်းစာပါ ကမာရွတ်မြို့နယ် အင်းလျားကန်ပေါင်ရှိ "အများသုံးရေအိမ်သန့်ရှင်းစေလို" ပေးစာနှင့် စပ်လျဉ်း၍ ဆောင်ရွက်ပြီးစီးကြောင်း ဖော်ပြအပ်ပါသည်။

မြို့တော်စည်ပင်

သန့်ရှင်းသောသောက်သုံးရေ ရရှိရေးဆောင်ရွက်ပေးစေလို

စာတည်းခင်ဗျား–

ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် စံပြဖဆပလရပ်ကွက်နေ ပြည်သူများအဓိကထားသုံးစွဲနေရသော သောက်သုံးရေသည် နောက်ကျိနေပြီး မြောင်းပုပ်နံ့နံ့နေသည်မှာ တစ်လခန့်ရှိနေပါပြီ။ သို့ပါ၍ သန့်ရှင်းသော သောက်သုံးရေ ရရှိရေးဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

ရပ်ကွက်သားများ

ခွေးလေခွေးလွင့် ရှင်းလင်းသင့်

စာတည်းခင်ဗျား–

ရန်ကုန်တိုင်း ကြည့်မြင်တိုင်မြို့နယ် နိဗ္ဗာန်လမ်းတွင် ခွေးလေခွေးလွင့်များကြောင့် အနီးပတ်ဝန်းကျင်ရှိ ပြည်သူများနှင့် လမ်းသွားလမ်းလာများ မကြာခဏ ခွေးကိုက်ခံကြရပါသည်။

သို့ပါ၍ ခွေးလေခွေးလွင့်များ ရှင်းလင်းပေးပါရန် တင်ပြအပ်ပါသည်။

ခွေးကြောက်သူ

တယ်လီဖုန်းအခွန် ငွေတောင်းခံလွှာများ စောစီးစွာပေးပို့စေလို

စာတည်းခင်ဗျား–

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်တွင် တယ်လီဖုန်းအခွန် ငွေတောင်းခံလွှာများကို နောက်ဆုံးပေးဆောင်ရမည့် ရက်နှင့်ကပ်၍ လက်ခံရရှိပါသည်။ တယ်လီဖုန်း အခွန်ငွေကောက်ခံသည့်စခန်းတွင် အခွန်ဆောင်သူများ စုပြုံ၍ ပေးဆောင်ကြရသဖြင့် အခက်အခဲရှိပါသည်။ သို့ပါ၍ တယ်လီဖုန်းအခွန် ငွေတောင်းခံလွှာများကို အတတ်နိုင်ဆုံး စောစီးစွာ ပေးဝေပါရန် တင်ပြအပ်ပါသည်။

မရမ်းကုန်းသားများ

မော်တော်ယာဉ်စီးရေတိုးပြီး အချိန်မှန်ထွက်ပေးပါ

စာတည်းခင်ဗျား–

ရန်ကုန်တိုင်း၊ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ ၅၀ကွေ့မှ သိမ်ကြီးဈေးသို့ ပြေးဆွဲနေသော (၆၇)ယာဉ်လိုင်း(ဧယျာမင်း)တွင် ကားစီးရေနည်းပြီးမော်တော်ယာဉ်များသည် (၅၀)ကွေ့ဂိတ်တွင် အချိန်ကြာမြင့်စွာ ရပ်နားလေ့ရှိပါသဖြင့် အချိန်နှင့်တစ်ပြေးညီသွားလာရသူ ခရီးသွားပြည်သူများ အခက်အခဲတွေ့ကြရပါသည်။ သို့ဖြစ်ပါ၍ ကားစီးရေတိုးချဲ့ပြေးဆွဲပေးပါရန်နှင့် ဂိတ်မှ အချိန်မှန်မှန်ထွက်ရှိရေး စိစစ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

ဒဂုံမြောက်ပိုင်းသားများ

ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် မင်းဘူးခရိုင်အတွင်း စီမံကိန်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇွန် ၁၆

မကွေးမြို့၌ ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်၊ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေနှင့် ဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါလျက် ဇွန် ၁၄ ရက် နံနက် ၈ နာရီ ၄၅ မိနစ်တွင် မင်းဘူးမြို့နယ် မန်းရွှေစက်တော်ဘုရားကြီး၏ အထက်စက်တော်ရာသို့ သွားရောက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်တို့က အထက်စက်တော်ရာဘုရားကြီးအား ပန်း၊ ရေချမ်း၊ ဆီမီး၊ အမွှေးနံ့သာတို့ဖြင့် ပူဇော်ကန်တော့ကြကာ အလှူငွေများကို ပေးအပ်လှူဒါန်းကြပြီး အထက်စက်တော်ရာ၏ ယခင်က မြေထိန်းနံရံတွင် ကျောက်အင်္ဂတေဖြင့် ကာရံထားမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် မန်းချောင်းအောက်စက်တော်ရာသို့ သွားရောက်၍ အုတ်အင်္ဂတေမြေထိန်းနံရံများ ကာရံထားမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး မြေထိန်းနံရံများတွင် လိုအပ်သည်များကို ပြုပြင်ရေးအတွက် တာဝန်ရှိသူများအား မှာကြားသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ❁

ကြည့်ရှုစစ်ဆေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် ပွင့်ဖြူမြို့နယ် မုန်းချောင်းတံတား တည်ဆောက်ပြီးစီးနေမှု အခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

နိုင်ငံတော်က ရသင့်ရထိုက်သောအခွန်များ မှန်မှန်ကန်ကန်ရရှိအောင်ဆောင်ရွက် ကုန်စည်စီးဆင်းမှုမြန်ဆန်ရေးကို ဝတ်ကျေတန်းကျေမဟုတ်ဘဲ စေတနာထား မသမာမှုပပျောက်ရေးနှင့် နိုင်ငံ့ဝန်ထမ်းများပီပီ နိုင်ငံတော်အပေါ် သစ္စာရှိ

နေပြည်တော် ဇွန် ၁၆

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့၌ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းသည် ဇွန် ၁၃ ရက် နံနက်ပိုင်းတွင် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း) ဥက္ကဋ္ဌ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်သန်းထွဋ်၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်လှမြင့်နှင့် တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် တိုင်းအဆင့်ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါလျက် လားရှိုး–သိန်းနီ–မူဆယ်လမ်း မန်မော်ကျေးရွာ အနီးရှိ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်၏ ဘိန်းအစားထိုးသီးနှံပြောင်းစိုက်ပျိုးရေးနှင့် ပျားမွေးမြူရေးစခန်းသို့ ရောက်ရှိကြပြီး ရှင်းလင်းဆောင်၌ စခန်းတာဝန်ခံ ဒုတိယဗိုလ်မှူးကြီး နေလင်းအောင်က စိုက်ပျိုးရေးစခန်း၌ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြရာ တိုင်းမှူး ဗိုလ်မှူးချုပ်အောင်သန်းထွဋ်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းက အကျိုးပိုမိုဖြစ်ထွန်းမည့် ပြောင်းနှင့် ကြံအထွက်ကောင်းမျိုး ထုတ်လုပ်ခြင်းကို စနစ်တကျ ဆောင်ရွက်၍ အကျိုးအမြတ်ရရှိမှု အခြေအနေများကို စနစ်တကျ စာရင်းဇယားပြုစုထားရှိရေး၊ ဒေသနေတိုင်းရင်းသားပြည်သူများ လွယ်လင့်တကူ စိုက်ပျိုးနိုင်ရန် အထွက်ကောင်းမျိုးများ ထုတ်လုပ်ဖြန့်ဖြူးရေးတို့ကို မှာကြားပြီး အစေ့ထုတ်ပြောင်း စိုက်ခင်းနှင့် တစ်ဧကလျှင် တန် ၅၀နှင့်အထက် ထွက်ရှိသည့် ဆင်းရွှေလီ အထူးအထွက်ကောင်းကြံဧက ၁၀၀ စိုက်ခင်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

စာမျက်နှာ ၉ ကော်လံ ၁ သို့ ✳

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီး ဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း မူဆယ်မြို့အနီးရှိ (၁၀၅) မိုင်နယ်စပ် ကုန်သွယ်ရေးနှင့် စစ်ဆေးရေးစခန်းကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

မေယုတောင်တန်းကို ရွှေဖြူတောကြီးဖြစ်စေရန် နိုင်ငံတော်ကဆောင်ရွက်လျက်ရှိ ရခိုင်ပြည်နယ်ကို ငရုတ်ကောင်းအများဆုံးစိုက်ပျိုးသည့် ပြည်နယ်ဖြစ်ရန်ကြိုးပမ်း

ရန်ကုန် ဇွန် ၁၆

ရခိုင်ပြည်နယ် စစ်တွေမြို့၌ ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မောင်ရှိန်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အောင်သိန်း၊ တပ်မတော်အရာရှိကြီးများနှင့်

စာမျက်နှာ ၇ ကော်လံ ၁ သို့ ★